# ခါတိုးမြို့ လူနေမှုလမ်းညွှန်စာအုပ် ၂၀၂၅



စမတ်ဖုန်းအစရှိသည်များဖြင့်ကြည့်လိုပါက
အထက်ပါ QRကုတ်မှ ကြည့်ရှုပါ။

ခါတိုးမြို့နှင့် NPO အဖွဲ့အစည်း ခါတိုးမြို့နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း

# ခါတိုးမြို့မှ ကြိုဆိုပါတယ်

ဤ "ခါတိုးမြို့ လူနေမှုလမ်းညွှန်စာအုပ်" သည် ခါတိုးမြို့တွင်နေထိုင်သည့် နိုင်ငံခြားသားများ နေ့စဉ် လူနေမှုဘဝအတွင်း အဆင်မပြေမှုများကိုခံစားရခြင်းမရှိစေရန် လူနေမှုဆိုင်ရာသတင်းအချက်အလက် အမျိုးမျိုး၊ လိုအပ်သော ရုံးဌာနဆိုင်ရာလုပ်ငန်းဆောင်တာအမျိုးမျိုးကို ထည့်သွင်း ထားပါသည်။

အသေးစိတ် အချက်အလက်များ လိုအပ်ပါက မြို့အုပ်ချုပ်ရေးရုံးကောင်တာသို့ ကြွရောက်ခြင်း သို့မဟုတ် လမ်းညွှန်စာအုပ်ပါ သက်ဆိုင်ရာဌာနသို့ တိုက်ရိုက်မေးမြန်းခြင်း လုပ်ဆောင်ကြပါ။

ထို့အပြင် ဝန်ဆောင်မှု အဆင်ပြေချောမွေ့စေရန် မြို့အုပ်ချုပ်ရေးရုံးသို့ ကြွရောက်မည့်အခါ သို့မဟုတ် တယ်လီဖုန်းဖြင့် မေးမြန်းသည့်အခါ ဂျပန်ဘာသာစကား နားလည်သူ၏ အကူအညီကို အတတ်နိုင်ဆုံး ရယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ခါတိုးမြို့ လူနေမှုလမ်းညွှန်စာအုပ်

မာတိကာ


**၁ ဆေးကုသရေး** ..... 1
**၂ အရေးပေါ်အခြေအနေအတွက် လုပ်ဆောင်မှု** ..... 2
**၃ အမှိုက်စွန့်ပစ်ရေး စည်းကမ်းများ** ..... 7
**၄ လမ်းစည်းကမ်း** ..... 12
**၅ ဒေသတွင်း လူနေမှု** ..... 13
**၆ နိုင်ငံတကာကူးလူးဆက်ဆံမှု၊ တိုင်ပင်ရေးကောင်တာ** ..... 15
**၇ နိုင်ငံခြားသားနေထိုင်သူ အကြောင်းကြားခြင်း** ..... 17
**၈ ရေ/လျှပ်စစ်မီး/ဓာတ်ငွေ့** ..... 20
**၉ အခွန်** ..... 21
**၁၀ အာမခံ/ဆေးကုသမှုစနစ်** ..... 22
**၁၂ ကျန်းမာရေး** ..... 26
**၁၃ ကလေးထိန်းကျောင်းမှု၊ ကလေးသူငယ်၊ ရင်သွေးပြုစုပျိုးထောင်မှု** ..... 27
**၁၄ ပညာရေး** ..... 29
**၁၅ လူမှုဖူလုံရေး** ..... 31
**၁၆ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေး** ..... 32
**၁၇ ဘဏ်/စာတိုက်** ..... 34
**၁၈ ယာဉ်မောင်းလိုင်စင်** ..... 35
**၁၉ အလုပ်ခန့်ခြင်း/အလုပ်လုပ်ခြင်း** ..... 38

## ၁ ဆေးကုသရေး

နေထိုင်မကောင်းခြင်း၊ ဒဏ်ရာရခြင်း ဖြစ်ပွားသည့်အခါ ကျန်းမာရေးအာမခံထားသူသက်သေခံကတ်နှင့် ပိုက်ဆံကို ယူဆောင်ပြီး ရောဂါအလိုက် အထူးပြုကုသမှုဌာနရှိသည့် ဆေးရုံ/ဆေးခန်းများသို့ သွားပါ။ ဆေးရုံ/ဆေးခန်းအနေဖြင့် နိုင်ငံခြားဘာသာစကားနားမလည်ခြင်းရှိနိုင်သဖြင့် ဂျပန်ဘာသာစကား ပြောဆိုနိုင်သူနှင့်အတူသွားပါက အဆင်ပြေနိုင်ပါသည်။

### ခါတိုးမြို့တွင်းရှိ ဆေးကုသရေးဌာနများနှင့် ပတ်သက်၍

ဆေးကုသရေးဌာနများတွင် အစိုးရဌာနနှင့် ပုဂ္ဂလိကပိုင် ဟူ၍ ရှိပါသည်။

◆အစိုးရ ဆေးကုသရေးဌာန

| ဆေးရုံအမည် | လိပ်စာ | ဖုန်းနံပါတ် | နံနက် လက်ခံချိန် | မွန်းလွဲ လက်ခံချိန် |
|---|---|---|---|---|
| ခါတိုးဟီဂါရှိ ရှိမင်း ဗျောအင်း | Kato-shi Iehara 85 | 0795-42-5511 | 8:30 - 11:00 | အောက်ပါ အင်တာနက် စာမျက်နှာတွင်ကြည့်ပါ။ |

စနေ၊ တနင်္ဂနွေ၊ အများပြည်သူအားလပ်ရက်၊ နှစ်ကုန်နှစ်သစ်ကူးများတွင် ပိတ်ပါသည်။
အင်တာနက်စာမျက်နှာ https://www.city.kato.lg.jp/hospital/ (ဂျပန်ဘာသာသာဖြင့်သာ)
(လက်ယာဘက် QR ကုတ်မှ ကြည့်နိုင်ပါသည်)

◆ပုဂ္ဂလိကပိုင် ဆေးကုသရေးဌာန

ဗျောအင်း၊ ရှင်းလယောဂျော၊ ခုလင်းနစ်ခု ဟု အမျိုးမျိုးခေါ်ဝေါ်အမျိုးကြသော်လည်း အားလုံးပင် ဆေးကုသရေး ဌာနကို ဆိုလိုပါသည်။ လူနာကြည့်သည့်အချိန်၊ ပိတ်သည့်နေ့များမှာ အသီးသီး ကွဲပြားသော်လည်း အများအားဖြင့် မနက် ၉နာရီမှ ၁၂နာရီအထိနှင့် ညနေ ၄နာရီမှ ၆နာရီခန့်အထိ ဖြစ်ကြပါသည်။ ထို့အပြင် စနေနေ့တွင် ညနေပိုင်း၊ တနင်္ဂနွေနေ့နှင့် အများပြည်သူအားလပ်ရက်များတွင် ပုံမှန်အားဖြင့် ပိတ်ပါသည်။

### ပိတ်ရက် ဆေးကုသမှုနှင့် ပတ်သက်၍

စနေ၊ တနင်္ဂနွေ၊ အများပြည်သူအားလပ်ရက်စသည့် ပိတ်ရက်များတွင်လည်း ဆေးကုသမှုပေးသည့်ဌာနများ ရှိပါသည်။ "広報かとう" (ကိုးဟိုးခါတိုး) အင်တာနက်စာမျက်နှာတွင် တင်ထားသည့် စနေနေ့၊ ဖွင့်ချိန်ပြင်ပနှင့် ပိတ်ရက် ဆေးကုသမှုဆိုင်ရာ စာမျက်နှာကိုကြည့်ရှုပါ။ သို့မဟုတ် ခါတိုးမီးသတ်ဌာန (ဖုန်း - 0795-42-0119) သို့ ဆက်သွယ်၍ ပြသနိုင်သည့်ဆေးကုသရေးဌာနကိုမေးမြန်းစုံစမ်းပါ။ ခိုးနိုမြို့-ခါတိုးမြို့ ဆရာဝန်အသင်း အင်တာနက် စာမျက်နှာတွင်လည်း ကြည့်ရှုအတည်ပြုနိုင်ပါသည်။ မည်သည့်နည်းဖြင့်မဆို နေထိုင်ရာနေရာမှာ မထွက်ခွာမီ ဆေးကုသရေးဌာနသို့ တယ်လီဖုန်း ဆက်သွယ်အတည်ပြုပါ။

ထိုအခါတွင်လည်း ကျန်းမာရေးအာမခံထားသူသက်သေခံကတ်နှင့် ပိုက်ဆံကို ယူဆောင်သွားပါ။

※ခိုးနိုမြို့-ခါတိုးမြို့ ဆရာဝန်အသင်း https://www.onokato-med.or.jp/
(လက်ယာအောက်ဘက် QR ကုတ်မှ ကြည့်နိုင်ပါသည်)

## ၂ အရေးပေါ်အခြေအနေအတွက် လုပ်ဆောင်မှု

အရေးပေါ်ချိန်တွင် အကူအညီတောင်းဆိုနည်းအနေဖြင့် ဂျပန်နိုင်ငံတွင် “119 番通報”(ဟျာကု-ဂျူးကယူးဘန်း ဆူးဟို = ဖုန်းနံပါတ် ၁၁၉ သို့ အကြောင်းကြားခြင်း) နှင့် “110 番通報”(ဟျာကုတိုးဘန်း ဆူးဟို = ဖုန်းနံပါတ် ၁၁၀ သို့ အကြောင်းကြားခြင်း) များ ရှိပါသည်။ ကိုယ်တိုင် ဖုန်းမဆက်နိုင်သည့်အခါ အနီးအနားရှိလူများထံမှ အကူအညီတောင်းပါ။

| ဖုန်းနံပါတ် | ရှင်းလင်းချက် | |
|---|---|---|
| 119<br>(မီးသတ်ဌာန) | အရေးပေါ်<br>လူနာပြုစုရေး | • ရောဂါ/ ကြီးမားသည့် ဒဏ်ရာရမှုစသည့် အမြန်ပြုစုရန်လိုအပ်ချိန်တွင် ဖုန်းဆက်ပါ။<br>• (၁) အနေအထား (မတော်တဆမှု၊ ရောဂါ) (၂) နေရာ (၃) ထိခိုက်နေသူ/ လူနာအမည် (၄) အသက် (၅) မိမိ၏အမည် (၆) ဖုန်းနံပါတ်ကို ပြောပြပါ။ |
| | မီးလောင်မှု | • (၁) အနေအထား (၂) နေရာ (၃) မိမိ၏အမည် (၄) ဖုန်းနံပါတ်ကို ပြောပြပါ။ |
| “ဂျပန်ရောက်နိုင်ငံခြားသားများအတွက် အရေးပေါ်လူနာတင်ယာဉ် အသုံးပြုမှုလမ်းညွှန်”<br>https://www.fdma.go.jp/publication/portal/post1.html<br>အရေးပေါ်လူနာတင်ယာဉ်ခေါ်ချိန်နဲ့ပတ်သက်၍ ဘာသာမျိုးစုံဖြင့် နားလည်နိုင်ပါသည်။<br>※အရေးပေါ်လူနာတင်ယာဉ်သည် အခမဲ့ဖြစ်သော်လည်း ရောဂါ/ဒဏ်ရာ မပြင်းထန်ဘဲ ကိုယ်တိုင် (သို့) မိသားစုဝင်က ဆေးရုံ၊ ဆေးခန်းသို့ခေါ်သွားနိုင်လျှင် အရေးပေါ် လူနာတင်ယာဉ်ကို အသုံးမပြုပါနှင့်။ | | |
| 110<br>(ရဲဌာန) | ယာဉ်မတော်တဆမှု | • (၁) အနေအထား (အမှုအခင်း၊ မတော်တဆမှု) (၂) နေရာ (၃) မိမိ၏အမည် (၄) ဖုန်းနံပါတ် ကိုပြောပြပါ။ |
| | ရာဇဝတ်မှု | |

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်**

ဂျပန်နိုင်ငံသည် ဇွန်လလောက်မှစ၍ အောက်တိုဘာလခန့်အတွင်း တိုင်ဖုန်းမုန်တိုင်းနှင့် မိုးသည်းထန်မှုများကြောင့် ထိခိုက်ပျက်စီးမှုအများအပြားဖြစ်ပွားပြီး ငလျင်အများအပြားလှုပ်ခြင်းကြောင့်လည်း ကမ္ဘာတစ်လွှား လူသိများသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဘေးအန္တရာယ်ပြမြေပုံစသည်များဖြင့် တိမ်းရှောင်ရေးနေရာ လေ့လာအတည်ပြုထားခြင်း၊ အရေးပေါ်ချိန် သယ်ယူမည့်ပစ္စည်းများ (ရေနှင့်အရေးပေါ်အစားအစာ ၃ ရက်စာ) ပြင်ဆင်ထားခြင်းစသဖြင့် သဘာဝဘေးအန္တရာယ်အတွက် ပုံမှန်အချိန်မှာကတည်းက ကြိုတင်ပြင်ဆင်ကြပါစို့။

◆တိုင်ဖုန်းမုန်တိုင်းနှင့် မိုးသည်းထန်ခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း

တိုင်ဖုန်းမုန်တိုင်းနှင့်မိုးသည်းထန်ခြင်းကြောင့် ဘေးသင့်မှုအနည်းဆုံးဖြစ်စေရန် အောက်ပါအချက်များကို သတိပြုပါစို့။

(၁) လျှပ်စစ်မီး ပြတ်တောက်မှုအတွက် လက်နှိပ်ဓာတ်မီး၊ ရေဒီယိုများကို ကြိုတင်ပြင်ဆင်ထားခြင်း

(၂) ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှ မိုးလေဝသသတင်းကို သေချာစွာနားထောင်ခြင်း

(၃) ပြတင်းပေါက်မှန် အက်ကွဲမှု၊ ပြတင်းပေါက်ဘောင် ယိုင်နဲ့မှုများကို ခိုင်ခန့်အောင်လုပ်ဆောင်၊ အာမာ့ဒို (မိုးလေကာရံသည့် ဆွဲတံခါးချပ်) ရှိပါက ထိုတံခါးချပ်ကို ပိတ်ထားခြင်း

(၄) ပန်းအိုး၊ အဝတ်လှန်းသည့်တုတ်တန်းစသည်များ၊ လွင့်ပျံနိုင်သောအရာများကို အိမ်တွင်း၌ ထည့်ထားခြင်း၊ သို့မဟုတ် လေထဲတွင်လွင့်မပါနိုင်အောင် ချည်နှောင်ထိန်းချုပ်ထားခြင်း

(၅) တတ်နိုင်သမျှ အိမ်ပြင်သို့မထွက်ဘဲနေခြင်း

(၆) ရေနစ်မြုပ်မှုစသည့်အန္တရာယ်ရှိသည့်နေရာများတွင်မူ အိမ်ထောင်ပရိဘောဂများကို အမြင့်ပိုင်းသို့ရွှေ့ထားခြင်း

(၇) ထွက်ပြေးတိမ်းရှောင်ချိန်အတွက် ကြိုတင်၍ အစားအစာ၊ သောက်ရေ၊ ဆေးဝါး၊ အရေးပါသည့်ပစ္စည်း စသည့် အရေးပေါ်သယ်ဆောင်မည့်ပစ္စည်းများကို အသင့်ပြင်ခြင်း

(၈) တိမ်းရှောင်ရေးနေရာ၏ တည်နေရာကို ခါတိုးမြို့ အန္တရာယ်ပြမြေပုံစသည်များတွင် မဖြစ်မနေ ကြိုတင်လေ့လာအတည်ပြုထားခြင်း

◆ငလျင်အတွက် ကြိုတင်ပြင်ဆင်ခြင်း

ငလျင်မည်သည့်အချိန်လှုပ်မည်ဆိုသည်ကို ကြိုမသိနိုင်ပါ။ ပုံမှန်အချိန်မှာပင် ဘေးကင်းလုံခြုံရေးလုပ်ဆောင်ခြင်း၊ အရေးပေါ်ချိန်တွင် ပျာယာမခတ်ဘဲ မှန်မှန်ကန်ကန် လှုပ်ရှားနိုင်ရန် အောက်ပါအချက်များကို သတိပြုကြပါစို့။

(၁) တိမ်းရှောင်မည့်နေရာနှင့် ဆက်သွယ်ရေးနည်းလမ်း (ဘေးအန္တရာယ်ဖြစ်ချိန် သတင်းစကားအသံသွင်းနိုင်သည့် ဖုန်းနံပါတ် ၁၇၁ ကိုအသုံးချခြင်းစသည်) နှင့်ပတ်သက်၍ မိသားစုအတွင်းတွင် ကြိုတင်ညှိနှိုင်းထားခြင်း

(၂) အိမ်ထောင်ပရိဘောဂများကို လဲပြိုမှုတားဆီးရေးပစ္စည်းစသည်တို့နှင့် ထိန်းချုပ်ထားခြင်း

(၃) လေးလံသည့်ပစ္စည်းများကို မြင့်သည့်နေရာတွေ မထားခြင်း

(၄) အစားအစာစသည့် အရေးပေါ်သယ်ယူမည့်ပစ္စည်းများ မိသားစု ၃ရက်စာ ပမာဏ၊ အရေးကြီးပစ္စည်း၊ ရေဒီယို၊ လက်နှိပ်ဓာတ်မီးစသည်တို့နှင့်အတူ အချိန်မရွေးသယ်ယူသွားနိုင်သည့်နေရာတွင် အသင့်ပြင်ထားခြင်း

(၅) နေအိမ်အဆောက်အအုံတည်ရှိသည့် ပတ်ဝန်းကျင်အနေအထားကို ကြိုတင် လေ့လာစိစစ်ခြင်း

(၆) မီးဖိုစသည်များ၏ အနီးပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်းများ မရှိစေခြင်း

(၇) မီးသတ်ဗူးနှင့် မီးသတ်ရာတွင်သုံးသည့်ပုံးများကို ပြင်ဆင်ထားခြင်း၊ ရေချိုးကန်တွင် ရေဖြည့်ထားခြင်း

(၈) တိမ်းရှောင်ရေးနေရာ၊ တိမ်းရှောင်လမ်းကြောင်းများကို မြေပုံစသည်များဖြင့် ကြိုတင်စိစစ်ခြင်း

(၉) နေထိုင်ရာအရပ်၏ ဘေးအန္တရာယ်တားဆီးရေး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းက ကျင်းပသော ဘေးအန္တရာယ် တားဆီးရေး လေ့ကျင့်မှုတွင် တက်တက်ကြွကြွ ပါဝင်ခြင်း

ငလျင်လှုပ်ချိန်တွင် အောက်ပါအချက်များကို သတိထားရင်း လုပ်ဆောင်ပါ

(၁) စားပွဲစသည်တို့၏ အောက်တွင်ဝပ်နေခြင်း

(၂) ငလျင်လှုပ်ခါမှု လျော့လာပါက အသုံးပြုနေသည့် မီးကို ငြိမ်းသတ်ခြင်း

(၃) တံခါးကိုဖွင့်ထားပြီး ထွက်ပေါက် ရယူထားခြင်း

(၄) မီးလောင်ပါက မြန်မြန်ဆန်ဆန် ငြိမ်းသတ်ခြင်း

(၅) အခန်းတွင်းမှ မှန်ကွဲစများကို သတိထားခြင်း

(၆) အလောတကြီး အပြင်သို့ ပြေးမထွက်ရခြင်း

(၇) ဂိတ်ဝင်းတံခါးပေါက်နှင့် နံရံများအနီးတွင် ကပ်မနေခြင်း

(၈) ပစ္စည်းပစ္စယကို အနည်းဆုံးသာသယ်၍ ခြေကျင်လျှောက် ထွက်ပြေးတိမ်းရှောင်ခြင်း

(၉) အားလုံး ပူးပေါင်းဆောက်ရွက်ရင်း အရေးပေါ်အသက်ကယ်ခြင်း

(၁၀) ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှ မှန်ကန်သော သတင်းအချက်အလက်ကို ရယူသိရှိခြင်း

◆တိမ်းရှောင်ရေး သတင်းအချက်အလက်နှင့် မိုးလေဝသသတင်းအချက်အလက်များ ရယူခြင်း

တိမ်းရှောင်ရေး သတင်းအချက်အလက်နှင့် နောက်ဆုံးထုတ် မိုးလေဝသသတင်းအချက်အလက်များကို ရယူပြီး သွက်လက်စွာ လုပ်ဆောင်ရန်လိုအပ်ပါသည်။ "ဟယောဂို-ဘိုးစိုင်းနက်တို" တွင် စာရင်းသွင်းခြင်းကဲ့သို့ အရေးပါသည့် သတင်းအချက်အလက်များ လက်မလွတ်စေရန်စီမံထားကြပါစို့။

(*) နိုင်ငံခြားဘာသာဖြင့်လည်း သုံးစွဲနိုင်ပါသည်။

(၁) ဟယောဂို-ဘိုးစိုင်းနက်တို စာရင်းသွင်းခြင်း

(အီးမေးလ် စာရင်းသွင်းခြင်း)

- လက်ယာဘက် QR ကုတ်မှ အီးမေးလ်ပို့ပါ
- 「fc@bosai.net」 သို့ အီးမေးလ်ပို့ပါ

(အက်ပလီကေးရှင်း)

- လက်ယာဘက် QR ကုတ်မှ ဒေါင်းလုပ် ရယူပါ

【Google Play】 【App Store】

(၂) ခါတိုး အန်းဇဲန်းအန်းရှင်းနက်တို (ဂျပန်ဘာသာဖြင့်သာ) စာရင်းသွင်းခြင်း

ထွက်ပြေးတိမ်းရှောင်ရန်လိုအပ်သည့် ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်၊ မီးလောင်မှုဖြစ်ပွားခြင်း သတင်းအချက်အလက်၊ ရာဇဝတ်မှုကာကွယ်ရေး သတင်းအချက်အလက်စသည်များကို အီးမေးလ်ဖြင့် အကြောင်းကြားသည့်အရာဖြစ်သည်။

- လက်ယာဘက် QR ကုတ်မှ စာရင်းသွင်းပါ

https://www.city.kato.lg.jp/kakukanogoannai/soumuzaiseibu/bosaika/safenetregistration/1454058088108.html

(၃) ဘိုးစိုင်းဂယောစေးမူစဲန်း (ဘေးအန္တရာယ်ကာကွယ်ရေးအစိုးရပိုင်ယာလက်စက်) (ဂျပန်ဘာသာဖြင့်သာ) တပ်ဆင်ခြင်း

ထွက်ပြေးတိမ်းရှောင်ရန်လိုအပ်သည့် ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်၊ မီးလောင်မှုဖြစ်ပွားခြင်း သတင်း အချက်အလက်၊ ရာဇဝတ်မှုကာကွယ်ရေး သတင်းအချက်အလက်စသည်များအား အသိပေးသည့်အရာ ဖြစ်သည်။

- ခါတိုးမြို့ အုပ်ချုပ်ရေးအဖွဲ့ အထွေထွေစီမံနှင့်ဘဏ္ဍာရေးဌာန၊ ဘေးအန္တရာယ်ကာကွယ်ရေးဌာနခွဲ (ဖုန်းနံပါတ် - 0795-43-0403) သို့ ဆက်သွယ်မေးမြန်းပါ

◆ထွက်ပြေးတိမ်းရှောင်မည့်နေရာကို လေ့လာကြည့်ရှုခြင်း
ခါတိုးမြို့တွင်းမှ အရေးပေါ်တိမ်းရှောင်ရေး သတ်မှတ်နေရာစာရင်း

| အဆောက်အအုံအမည် | လိပ်စာ | အရေးပေါ်တိမ်းရှောင်ရေး သတ်မှတ်နေရာ | |
|---|---|---|---|
| | | လေဘေးရေဘေး | ငလျင် |
| ယာရှိရိုး လူထုခန်းမ | Kinashi 1134-60 | ○ | ○ |
| ယာရှိရိုး ဘူဒိုးကန် | Kinashi 1131 | ○ | ○ |
| မဲအိဂျိကန် | Yashiro 777 | ○ | |
| ယာရှိရိုး ဂါ့ခုအဲန်း မူလတန်း/အလယ်တန်းကျောင်း | Kinashi 1134-62 | ○ | ○ |
| ယခင် ယာရှိရိုး မူလတန်းကျောင်း | Yashiro 1550 | ○ | ○ |
| ယာရှိရိုး အထက်တန်းကျောင်း | Kinashi 1356-1 | ○ | ○ |
| ယာရှိရိုး အမှတ်(၁) အားကစားရုံ | Sawabe 613-1 | ○ | ○ |
| ယခင် ဖူကူဒါ မူလတန်းကျောင်း | Sawabe 613-1 | ○ | ○ |
| ယခင် ယော်နဲဒါ မူလတန်းကျောင်း | Kamikume 1693 | ○ | ○ |
| ဟယောဂို ပညာရေးတက္ကသိုလ် | Shimokume 942-1 | ○ | ○ |
| ဟယောဂို ပညာရေးတက္ကသိုလ်တွဲဖက် မူလတန်းကျောင်း အားကစားရုံ | Yamakuni 2013-4 | ○ | ○ |
| ဟယောဂို ပညာရေးတက္ကသိုလ်တွဲဖက် အလယ်တန်းကျောင်း အားကစားရုံ၊ ကိုယ်ခံပညာလေ့ကျင့်ရေးနေရာ | Yamakuni2007-109 | ○ | ○ |
| ယခင် မီကူစ မူလတန်းကျောင်း | Kamimikusa 118 | ○ | ○ |
| ယာရှိရိုး ကိုကုစိုင်း ဂါ့ကုရှူး ဂျူကု | Kamimikusa 1175 | | ○ |
| ခါမိ ခါမိုဂါဝ အထွေထွေခန်းမ | Kamikamogawa 392 | ○ | ○ |
| ရှီမို ခါမိုဂါဝ လူထုခန်းမ | Shimokamogawa 209-1 | ○ | |
| ခါမိုဂါဝ ကူးလူးဆက်ဆံရေး စယ်မီနာဟောက်စု | Shimokamogawa 260-3 | ○ | ○ |
| ဟိလာခီ လူထုခန်းမ | Hiraki 224-1 | ○ | |
| တာခီနို ဟီဂါ့ရှိ မူလတန်းကျောင်း | Shinmachi 88 | ○ | ○ |
| တာခီနို အားကစားစင်တာ | Kamitakino　1167-5 | ○ | ○ |
| ခါမိ တာခီနို ခိုးမင်းကန် | Kamitakino　1167-1 | ○ | |
| တာခီနို အလယ်တန်းကျောင်း | Shimotakino 761 | | ○ |
| ဒေသန္တရ ကူးလူးဆက်ဆံရေးစင်တာ | Shimotakino 1369-1 | ○ | ○ |
| တာခီနို စာကြည့်တိုက် | Shimotakino 1369-2 | ○ | ○ |
| တာခီနို လူထုခန်းမ (သတင်းအချက်အလက်ဖလှယ်ရေးခန်းမ) | Shimotakino 1369 | ○ | ○ |
| တာခီနို ကလေးသူငယ်ခန်းမ (ခီလာလာ) | Shimotakino 1369-2 | ○ | ○ |
| တာခီနို ဘက်စုံပန်းခြံ အားကစားရုံ (စုကိုင်းပီအ) | Kotaka 4007 | ○ | ○ |
| ခိုးတာ့က ကူးလူးဆက်ဆံရေးစင်တာ | Kotaka 4026-3 | ○ | ○ |
| တာခီနို မီနာမီ မူလတန်းကျောင်း | Takaoka 949 | ○ | ○ |
| တိုးဂျော် ယဉ်ကျေးမှုခန်းမ (ကော့စုမစ်ကု ဟိုးလု) | Tenjin 66 | | ○ |
| ကွန်မြူနီတီစင်တာ တိုးဂျောခန်းမ (ယခင် တိုးဂျော ဟီဂါ့ရှိ မူလတန်းကျောင်း) | Hashikadani 56 | | ○ |
| မိချိနိုအဲကီ တိုးဂျော် | Minamiyama 1-5-1 | ○ | ○ |

| | | | |
|---|---|---|---|
| အိုခါမိုတို လူထုခန်းမ | Okamoto 247-1 | ○ | |
| တိုးရှော့နိရှိ ဖုလဲအာအိ ခန်းမ (ယခင် တိုးရှော့ နိရှိ မူလတန်းကျောင်း) | Yoshii 298 | ○ | ○ |
| ယာဘု လူထုခန်းမ | Yabu 133 | ○ | |
| ဟယောဂိုခရိုင်ပိုင် ပညာရေးသုတေသနဌာန | Yamakuni 2006-107 | ○ | ○ |
| ယာရှိရိုး ကလေးသူငယ်ခန်းမ "ယာရှိရိုး ခိုဒိုးမိုးနို အိအဲ" | Higashigose 477-1 | ○ | ○ |
| ခါတိုးမြို့ မီနာမိယာမ ဖွံ့ဖြိုးတိုးတက်မှုထောက်ပံ့ရေးဌာန (မီနာခုလု) | Minamiyama 1-4-2 | ○ | ○ |
| စူနာ့ဂို မြို့ခန်းမ | Shinjo 191-2 | ○ | |
| စူရီးဘွန်း ဖိုင်း ကယ်မီကယ် ကုမ္ပဏီလီမိတက် ခါတိုး စက်ရုံ | Minamiyama 6-3-11 | ○ | ○ |
| အိအဲဟာရ လူထုခန်းမ | Iehara 365-1 | ○ | ○ |
| အိုးဟာတ လူထုခန်းမ | Ohata 459-2 | | ○ |
| မာရုယာ့နာ့ဂီ အိုဂူရာယ ကုမ္ပဏီလီမိတက် ဒိုင်းမွန်း စက်ရုံ | Daimon 67 | | ○ |
| တိုးရှော့ဂတ်ကုအဲန်း မူလတန်းအလယ်တန်းပေါင်းစပ်ကျောင်း | Tenjin 56 | ○ | ○ |

※ဘေးကင်းသည့်နေရာတွင်ရှိသည့် အသိမိတ်ဆွေ၏အိမ်၊ အနီးပတ်ဝန်းကျင်မှ အဆောက်အအုံ၏အထပ်မြင့်နေရာ နှင့် မိမိအိမ်၏ ၂လွှာသို့ ထွက်ပြေးတိမ်းရှောင်ခြင်းကိုလည်း စဉ်းစားထားကြပါ။

◆ထွက်ပြေးတိမ်းရှောင်ချိန် လုပ်ကိုင်ပုံကို စစ်ဆေးခြင်း

မြို့အုပ်ချုပ်ရေးရုံး၊ ရဲတပ်ဖွဲ့၊ ဘေးအန္တရာယ်ကာကွယ်ရေး စေတနာ့ဝန်ထမ်းအသင်းအဖွဲ့စသည်များမှ တိမ်းရှောင်ရန် ညွှန်ကြားချက် ရရှိသည့်အခါ (သို့) အိမ်ပြိုလဲမှုနှင့် မီးလောင်ခြင်းကြောင့် မီးကူးစက်မှုစသည့် အန္တရာယ်များ ရှိလာသည့် အခါတွင် အခြေအနေပေါ် မူတည်၍ ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ကြပါစို့။

(၁) ထွက်မပြေးခင်တွင် မီးငြိမ်းနေကြောင်း နောက်တစ်ကြိမ် စစ်ဆေးခြင်း (ဓာတ်ငွေ့ မိန်းလိုင်း ဘားခလုတ် ပိတ်ခြင်း၊ လျှပ်စစ် မိန်းဆွစ် (ဘရိတ်ကာ) ချခြင်း)

(၂) တိမ်းရှောင်ရေးနေရာ၊ မိမိအခြေအနေသတင်းပေးချက်များအတွက် ဆက်သွယ်ရမည့်စာရင်းကို မမေ့ရန်

(၃) လှုပ်ရှားရလွယ်သောအဝတ်အစားဖြင့်၊ ဦးထုပ်/ဒဏ်ခံဦးထုပ်စသည့် ခေါင်းကိုကာကွယ်သည့်အရာကို မမေ့ရန်

(၄) အရေးပေါ်သယ်ယူမည့်ပစ္စည်း (အစားအစာစသည်များ ၃ရက်စာခန့်) ကို ကျောပိုးအိတ်စသည်ဖြင့်သယ်ခြင်း

(၅) ထွက်ပြေးတိမ်းရှောင်ရာတွင် ခြေကျင်လျှောက်ပြီး သယ်ယူမည့်ပစ္စည်း တတ်နိုင်သမျှအနည်းဆုံး ဖြစ်ပါစေ

(၆) သက်ကြီးရွယ်အိုနှင့် ကလေးငယ်များကို ကောင်းစွာ လက်တွဲထားပါ

(၇) ထွက်ပြေးတိမ်းရှောင်ရာတွင် လမ်းကျဉ်း၊ မြောင်းဘေး၊ မြစ်ကမ်းပါးများကို ရှောင်ရှားခြင်း

ဆက်သွယ်ရန်) ခါတိုးမြို့ အုပ်ချုပ်ရေးအဖွဲ့ အထွေထွေစီမံနှင့်ဘဏ္ဍာရေးဌာန၊ ဘေးအန္တရာယ်ကာကွယ်ရေးဌာနခွဲ
ဖုန်း - 0795-43-0403

## ၃ အမှိုက်စွန့်ပစ်ရေး စည်းကမ်းများ

နေအိမ်မှအမှိုက်များကို စည်းကမ်းလိုက်နာကာ မှန်မှန်ကန်ကန် စွန့်ပစ်ပါ။
အမှိုက်စွန့်ပစ်ရေး အခြေခံစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### အခြေခံစည်းကမ်းများ

(၁) အမှိုက်အမျိုးအစားခွဲထားပါသည် (“မီးရှို့နိုင်သောအမှိုက်”“ဘူး၊ထုပ်ပိုးပစ္စည်းပလတ်စတစ်” “PETပလတ်စတစ်ဘူး” စသဖြင့်)။ အမှိုက်အမျိုးအစားအလိုက် သီးခြားခွဲ၍ စွန့်ပစ်ပါ။

(၂) အမျိုးအစားအလိုက် အမှိုက်စွန့်ပစ်နေ့ သတ်မှတ်ထားပြီးဖြစ်ပါသည်။
“ခါတိုးမြို့ အမှိုက်သိမ်းပြက္ခဒိန်” ကို ကြည့်ရှုစစ်ဆေးပါ။

(၃) “မီးရှို့နိုင်သောအမှိုက်”နှင့်“ဘူး၊ထုပ်ပိုးပစ္စည်းပလတ်စတစ်” ကို ခါတိုးမြို့၏ သတ်မှတ်အမှိုက်အိတ်တွင်ထည့်ပါ။


(၄) “မီးရှို့နိုင်သောအမှိုက်”နှင့်“ဘူး၊ထုပ်ပိုးပစ္စည်းပလတ်စတစ်” မှလွဲ၍ ဂေါ်မိစတေရှင်းတွင် သီးသန့်စွန့်ပစ်ရေး စည်ပိုင်းထားရှိပြီး ထိုအထဲသို့ တိုက်ရိုက်စွန့်ပစ်ပါ။

※တိုက်ခန်းအိမ်ရာစသည်များတွင်နေထိုင်နေပါက ခါတိုးမြို့၏သိမ်းယူမှုမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းကသိမ်းယူခြင်း ဖြစ်နိုင်သည့်အတွက် တိုက်ခန်းအိမ်ရာ၏စီမံခန့်ခွဲသူထံ မေးမြန်းအတည်ပြုပါ။

※ဤစည်းကမ်းများကို မလိုက်နာပါက အမှိုက်များသိမ်းယူခြင်းမခံရဘဲ ဂေါ်မိစတေရှင်ကို အသုံးပြုသူအားလုံး အခက်တွေ့မည်ဖြစ်ပါသည်။

### ဂေါ်မိစတေရှင်တွင် စွန့်ပစ်သည့်အမှိုက်


(၁) မီးရှို့နိုင်သည့်အမှိုက်
မီးဖိုချောင်အမှိုက် ※ရေစင်အောင်စစ်ပါ




※ခါတိုးမြို့၏ သတ်မှတ်အမှိုက်အိတ်ကိုသုံးပါ။
(မီးရှို့နိုင်သောအမှိုက်မှာ အနီရောင်စာလုံးနှင့်အိတ်)




သစ်ဝါးအပိုင်းအစ ※၃၀ စင်တီမီတာမကျော်အောင်ဖြတ်ပါ။



သားရေ/အဝတ်အထည် ※၃၀ စင်တီမီတာမကျော်အောင်ဖြတ်ပါ။



အခြား အမျိုးသမီးလစဉ်သုံးပစ္စည်း၊
စက္ကူဒိုက်ပါ၊ ရေငွေ့စုပ်ယူရေးပစ္စည်း စသည်များ

(၂) ဘူး၊ထုပ်ပိုးပစ္စည်းပလတ်စတစ်

အောက်ပါအမှတ်အသားပါပစ္စည်း







※ခါတိုးမြို့၏ သတ်မှတ်အိတ်ကိုသုံးပါ။
(ဘူး၊ထုပ်ပိုးပစ္စည်းပလတ်စတစ်မှာ အစိမ်းရောင်စာလုံးနှင့်အိတ်)




(၃) "မီးရှို့နိုင်သောအမှိုက်"နှင့်"ဘူး၊ထုပ်ပိုးပစ္စည်းပလတ်စတစ်" မဟုတ်သည့်အမှိုက်

- PET ပလတ်စတစ်ဘူး
- အရောင်မဲ့ပုလင်း
- အညိုရောင်ပုလင်း
- အခြားအရောင်ပုလင်း
- သံဘူး/အသေးစားသတ္တုပစ္စည်း
- ဓာတ်ခဲ
- မီးချောင်း/မီးလုံး
- မီးမရှို့နိုင်သောအမှိုက်

အမျိုးအစားအလိုက် ထည့်စရာထဲသို့ စွန့်ပစ်ပါ။



**ဂေါ်မိစတေရှင် မဟုတ်သည့်နေရာ၌ စွန့်ပစ်သည့် အမှိုက်**

(၁) အသေးစားအိမ်သုံးလျှပ်စစ်ပစ္စည်း (၂၅ စင်တီမီတာအောက်)



လက်နှိပ်ဓာတ်မီး



ဒရိုင်ယာ



အသေးစားအိမ်သုံးလျှပ်စစ်ပစ္စည်း သိမ်းယူရေးပုံး

အသေးစားအိမ်သုံးလျှပ်စစ်ပစ္စည်း သိမ်းယူရေးပုံးကို ယာရှိရိုး လူထုခန်းမ၊ တာခီနို လူထုခန်းမ၊ တိုးဂျော လူထုခန်းမ၊ မြို့အုပ်ချုပ်ရေးရုံး လူနေမှုပတ်ဝန်းကျင်ဌာနခွဲကောင်တာရှေ့တွင် ထားရှိပါသည်။

(၂) ဓာတ်ခဲ






ဓာတ်ခဲသိမ်းယူရေးပုံး

အသေးစားအိမ်သုံးလျှပ်စစ်ပစ္စည်းသိမ်းယူရေးပုံးပေါ်တွင် ဓာတ်ခဲသိမ်းယူရေးပုံးကို ထားရှိပါသည်။ ဓာတ်ခဲထိပ်နှင့် အောက်နေရာများတွင် တိပ်ကပ်ပြီးမှ ပုံးတွင်းသို့ ထည့်ပါ။

<u>အမှိုက်ပစ်ခြင်းနှင့်ပတ်သက်၍ နားမလည်သည့်အခါ "ခါတိုးမြို့ အမှိုက်သိမ်းပြက္ခဒိန်" ကို စစ်ဆေးကြည့်ရှုခြင်း ဖြစ်စေ၊ အိမ်နီးချင်းများ (သို့) မြို့အုပ်ချုပ်ရေးရုံးနှင့် တိုင်ပင်ပါ။</u>

**အမှိုက်သိမ်းပြက္ခဒိန်နှင့် ပတ်သက်၍**

မြို့အုပ်ချုပ်ရေးရုံး မြေညီထပ်ရှိ လူမှုပတ်ဝန်းကျင်ဌာနခွဲနှင့် ယာရှိရိုး ရှော့ပင်းဂုပါ့ကု ဘီအို ၂ ထပ် ရှိ "ခါတိုးနို အဲအဲတိုကို ဂျောဟိုး ခိုးနာ" တို့တွင် ထုတ်ပေးနိုင်ပါသည်။ လက်ယာဘက် QR ကုတ်မှလည်း ဒေါင်းလုပ် ရယူနိုင်ပါသည်
(ဂျပန်ဘာသာပြက္ခဒိန်)
https://www.city.kato.lg.jp/kakukanogoannai/shiminkyoudoubu/seikatukankyouka/dust/1455789348661.html

**အမှိုက်အိတ်နှင့် ပတ်သက်၍**

သတ်မှတ်ထားသောအမှိုက်အိတ်ကို အသုံးပြုပါ။

→မြို့အုပ်ချုပ်ရေးရုံး မြေညီထပ်ရှိ လူမှုပတ်ဝန်းကျင်ဌာနခွဲနှင့် အောက်ပါ ခါတိုးမြို့မှ သတ်မှတ်ထားသော အမှိုက်အိတ်ရောင်းချသည့်ဆိုင်များတွင် ဝယ်ယူနိုင်သည်။

| ဆိုင်အမည် | စာပို့သင်္ကေတ | ဆိုင်၏သတင်းအချက်အလက် |
|---|---|---|
| အီအွန် ယာရှိရိုး ဆိုင် | 673-1431 | Kato-shi Yashiro 1126-1 |
| မာ့ကုစုဘာလျူး ယာရှိရိုး ဆိုင် | 673-1463 | Kato-shi Kajiwara 333-1 |
| မာ့ကုစုဘာလျူး တိုးဂျော ဆိုင် | 673-1312 | Kato-shi Hashikadani 323 |
| ပွန်းမာလုရှယ် ယာရှိရိုး ဆိုင် | 673-1431 | Kato-shi Yashiro 338 |
| ဖုလဲ့ရှုဘာဇားလု ခါတိုးခါမိနာက ဆိုင် | 673-1464 | Kato-shi Kaminaka 325 |
| ဖုလဲ့ရှုဘာဇားလု နိရှိဝါ့ကီနိုမူရာ ဆိုင် | 677-0054 | Nishiwaki-shi Nomuracho 1265 |
| ဂျာပန်း တာခီနို ဆိုင် | 679-0211 | Kato-shi Kamitakino　246 |
| အဲကိုးပု ကင်းကီ တာခီနို ဆိုင် | 679-0211 | Kato-shi Kamitakino　812 |
| ဒိုင်းလက်ကုစု ခါတိုး ဆိုင် | 673-1464 | Kato-shi Kaminaka 3-140 |
| ဂျွန်းတဲန်းဒိုး ယာရှိရိုး ဆိုင် | 673-1464 | Kato-shi Kaminaka 333-1 |

| | | |
|---|---|---|
| ခိုခိုခါရာဖိုင်း ခါဂျိဝါရ ဆိုင် | 673-1463 | Kato-shi Kajiwara 360-1 |
| ခီရင်ဒိုး ယာရှိရိုး ဆိုင် | 673-1431 | Kato-shi Yashiro 1205-1 |
| ဝဲလုရှိအ ယာကရောကု ခါတိုးခါမိနာက ဆိုင် | 673-1464 | Kato-shi Kaminaka 3-13 |
| ဝဲလုရှိအ ယာကရောကု ခါတိုးတိုးဂျော ဆိုင် | 673-1311 | Kato-shi Tenjin 260 |
| ကိုးနန်ဟိုးမုစူတော့ခု တိုးဂျော ဆိုင် | 673-1321 | Kato-shi Iwaya197-1 |
| New Com (နျူးကိုမု) | 673-1431 | Kato-shi Yashiro 77-11 |
| အိချိဖူဂျီ ရှောတဲန်း | 673-1431 | Kato-shi Yashiro 535-3 |
| မိနိုလီ နိုးဂယော ကရိုးဒိုးခူမိအာအိ ခါတိုးအဲနိုးကေးဇိုင်း စဲန်တာ | 673-1453 | Kato-shi Kaihara 287 |
| ဖူဂျိအူရ ရှောတဲန်း | 673-1401 | Kato-shi Kamikamogawa 199 |
| တိုကုရာ ဟျာ့ကာ့တဲန်း | 673-1311 | Kato-shi Tenjin 476 |
| မာမီ ရှော့ပု တဲန်းဂျင်း ဆိုင် | 673-1311 | Kato-shi Tenjin 542 |
| မိချိနိုအဲခီ တိုးဂျော | 673-1341 | Kato-shi Minamiyama 1-5-3 |
| ဖူလက်ရှု နိရှိအို | 673-1312 | Kato-shi Hashikadani 354 |
| မာရုစ် မာ့တို | 679-0221 | Kato-shi Kotaka 2487-2 |
| ကရောယ (ကုမ္ပဏီလီမိတက်) ကိုအိရှိမိဇူး | 673-1402 | Kato-shi Hiraki 579 |
| လောစွန် ယာရှိရိုး အုလေးရှိနို ဆိုင် | 673-1431 | Kato-shi Yashiro 183-1 |
| လောစွန် ခါတိုး အာ့ဆုတိုရှိ ဆိုင် | 673-1338 | Kato-shi Atsutoshi 104-10 |
| ဖာမီလီမာ့တို ခါတိုး ယာရှိရိုး ဆိုင် | 673-1431 | Kato-shi Yashiro 1504-1 |
| ဖာမီလီမာ့တို တာခီနို တာကာ့အိုက ဆိုင် | 679-0222 | Kato-shi Takaoka 609-1 |
| ဆဲဗွန်းအီလဲဗွန်း ယာရှိရိုး ခါဂျိဝါရ ဆိုင် | 673-1463 | Kato-shi Kajiwara412-2 |
| ဆဲဗွန်းအီလဲဗွန်း ခါတိုး တာခီနို ဆိုင် | 679-0211 | Kato-shi Kamitakino 258-1 |

◆အမှိုက်အိတ်ဈေးနှုန်း

| | | |
|---|---|---|
| ၁ စုံ (၁၀အိတ် ပါ) | မီးရှို့နိုင်သောအမှိုက်သုံး သတ်မှတ်အိတ်၊ ဘူး၊ ထုပ်ပိုးပစ္စည်းပလတ်စတစ်သုံး သတ်မှတ်အိတ် | အကြီး - ၄၅ လီတာ ယန်း ၃၀၀ |
| | | အလတ် - ၃၀ လီတာ ယန်း ၂၀၀ |
| | | အသေး - ၂၀ လီတာ ယန်း ၅၀ |

## အခိုက်အတန့်အားဖြင့် ပမာဏများပြားသည့် အမှိုက်

အခိုက်အတန့်အားဖြင့် ပမာဏများပြားသည့် အမှိုက် (အိမ်ပြောင်းခြင်း၊ သန့်ရှင်းရေးအကြီးအကျယ်လုပ်ခြင်း စသည်များကြောင့် ထွက်လာသည့် ပမာဏများပြားသည့်အမှိုက်) များနှင့်ပတ်သက်၍ အမှိုက်သိမ်းမည့်နေရာတွင် စွန့်ပစ်ခြင်း မပြုနိုင်ပါ။ အမှိုက်ရှင်းလင်းသည့်ဌာနသို့ တိုက်ရိုက်ပို့ဆောင်ပါ။ နေအိမ်မှ ထွက်သည့်အမှိုက်များကို ရှင်းလင်းရာတွင် ဝန်ဆောင်ခ ၁၀ ကီလိုဂရမ်လျှင် ယန်း ၉၀ ကျသင့်မည်ဖြစ်သည် (အလုပ်ရုံ၊ ရုံးခန်းမှ ထွက်သည့် အမှိုက် ရှင်းလင်းမှုဖြစ်ပါက ၁၀ ကီလိုဂရမ်လျှင် ယန်း ၁၃၀ )။

| | |
|---|---|
| ဌာနအမည် | အိုးနို ခုလင်းစဲန်တာ |

| | |
|---|---|
| လိပ်စာ | Ono-shi Tenjincho 538-1 |
| ဖုန်းနံပါတ် | 0794-62-6250 |
| အမှိုက်ယူဆောင်စွန့်ပစ်နိုင်သူ | မြို့တွင်းနေထိုင်သူ |
| လက်ခံသည့်အချိန် | တနင်္လာနေ့မှ သောကြာနေ့<br>8:30 - 16:30<br><br>စနေနေ့ အများပြည်သူ အားလပ်ရက်<br>8:30 - 11:30<br>(သို့ရာတွင် ဒုတိယနှင့် စတုတ္ထသီတင်းပတ် စနေနေ့တွင် ပိတ်သည်) |

ဆက်သွယ်ရန်) ခါတိုးမြို့ လူထုပူးပေါင်းဆောင်ရွက်ရေးဌာန လူနေမှုပတ်ဝန်းကျင်ဌာနခွဲ

ဖုန်း - 0795-43-0503

# ၄ လမ်းစည်းကမ်း

ယာဉ်မတော်တဆမှုနှင့် မကြုံစေရန်၊ မဖြစ်ပွားစေရန် အောက်ပါအခြေခံစည်းကမ်းများကို သေချာစွာလိုက်နာပါ။

**အခြေခံ လမ်းစည်းကမ်း**

(၁) ခြေကျင်လျှောက်သူမှာ လမ်း၏လက်ယာဘက်၊ မော်တော်ယာဉ်နှင့်စက်ဘီးမှာ လမ်း၏လက်ဝဲဘက်မှ သွားပါ။

(၂) မော်တော်ယာဉ်နှင့် စက်ဘီးများ စီးနင်းရာတွင် ခြေကျင်လျှောက်သူကို ဦးစားပေးရမည်။

(၃) မီးပွိုင့်အချက်ပြမီးအရောင်များ၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

- အစိမ်းရောင်သည် ရှေ့ဆက်သွားနိုင်သည် ဖြစ်သည်။
- အဝါရောင်သည် ရပ်တန့်ပါ ဖြစ်သည်။
- အနီရောင်သည် ရပ်တန့်ပါ ဖြစ်သည်။

**ခြေကျင်လျှောက်သူဆိုင်ရာ အခြေခံစည်းကမ်း**

(၁) ခြေကျင်လျှောက်သူလမ်း ရှိပါက ထိုလမ်းမှ မဖြစ်မနေ လျှောက်ပါ။

(၂) ခြေကျင်လျှောက်သူလမ်း မရှိသည့်နေရာတွင် လမ်း၏လက်ယာဘက်ခြမ်းမှ လျှောက်ပါ။

(၃) လမ်းဖြတ်ကူးချိန်တွင် မီးပွိုင့်ရှိသည့်လမ်းဆုံတွင် အချက်ပြမီး(ခြေကျင်လျှောက်သူအချက်ပြမီး)ကို လိုက်နာပြီး၊ မီးပွိုင့်မရှိသည့်နေရာဖြစ်ပါက ဝဲယာဘေးကင်းမှုကို စစ်ဆေးပြီး လူကူးမျဉ်းကြားမှ ကူးဖြတ်ပါ။

(၄) ညအချိန်တွင် ရောင်ပြန်ပစ္စည်းကို ဆင်ယင်ပြီး၊ အဝတ်အစားမှာ မြင်သာသည့်အရောင် ဖြစ်စေရန် သတိပြုပါ။

**စက်ဘီးဆိုင်ရာ အခြေခံစည်းကမ်း**



(၁) စက်ဘီးကို ယာဉ်သွားလမ်း၏ လက်ဝဲဘက်မှ ရှေ့နောက်တန်းစီ စီးနင်းပါ။

(၂) စက်ဘီးကို ခြေကျင်လျှောက်သူလမ်းပေါ်တွင် မစီးရ (လက်ယာဘက်တွင် ပြထားသည့် လမ်းညွှန်းရှိသည့် ခြေကျင်လျှောက်သူလမ်းတွင် စီးနင်းနိုင်သည်)။

(၃) နှစ်ယောက်စီးခြင်း၊ ရင်ပေါင်တန်းစီးခြင်း မပြုပါနှင့်။

(၄) လက်ကိုင်ဖုန်း၊ စမတ်ဖုန်းကိုင်တွယ်အသုံးပြုလျက် (သို့) ထီးဆောင်းလျက် မစီးရ။

(၅) ရထားလမ်းကူးနှင့် ခေတ္တရပ်နေရာတွင် မဖြစ်မနေ ရပ်တန့်ပြီး ဝဲယာဘေးကင်းမှုကို စစ်ဆေးပြီးမှ ဆက်သွားပါ။

(၆) မီးပွိုင့်ရှိသည့်လမ်းဆုံတွင် အချက်ပြမီးကို လိုက်နာသွားလာပါ။

(၇) ညနေပိုင်းရောက်လျှင် စက်ဘီးမီးကို စောလျင်စွာဖွင့်ထား၍ သွားလာရန် သတိထားလုပ်ဆောင်ပါ။

(၈) ဘီးနောက်ဘက်ခြင်းတွင် ရောင်ပြန်ပစ္စည်းကို တပ်ဆင်ထားကြပါစို့။

(၉) စက်ဘီးအာမခံ ဝင်ထားပါ။

(၁၀) အရက်သောက်ထားလျှင် စက်ဘီးမစီးရ။

(၁၁) စက်ဘီးစီးချိန်တွင် ဆိုင်ကယ်ဦးထုပ်ဆောင်းပါ။

**မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ဆိုင်ရာ အခြေခံစည်းကမ်း**

(၁) ခေတ္တရပ်တန့်မှု လမ်းညွှန်းရှိသည့်နေရာတွင် မဖြစ်မနေ ရပ်တန့်ပြီး ဝဲယာဘေးကင်းမှု စစ်ဆေးပါ။

(၂) ညနေပိုင်း မောင်းနှင်သည့်အခါ ကားမီးကို စောလျှင်စွာဖွင့်ထားကြပါစို့။

(၃) အသက် ၆ နှစ်အောက် ကလေးငယ်ကို မော်တော်ယာဉ်တွင် တင်ဆောင်သည့်အခါ ကလေးထိုင်ခုံကို မဖြစ်မနေ အသုံးပြုပါ။

(၄) လက်ကိုင်ဖုန်း၊ စမတ်ဖုန်း ကိုင်တွယ်အသုံးပြုလျက် ယာဉ်မောင်းနှင်ခြင်းမပြုရ။

(၅) မော်တော်ယာဉ်စီးနင်းသည့်အခါ ယာဉ်မောင်းနှင့် စီးနင်းလိုက်ပါသူများ ထိုင်ခုံခါးပတ်ကို မဖြစ်မနေ အသုံးပြုပြီး၊ မော်တော်ဆိုင်ကယ် စီးနင်းသည့်အခါ ဆိုင်ကယ်ဦးထုပ်ကို မဖြစ်မနေ ဆောင်းပါ။

(၆) လမ်းညွှန်းနှင့် လမ်းအမှတ်အသားဖြင့် အမြင့်ဆုံးအရှိန် သတ်မှတ်ထားသည့်နေရာတွင် ထိုအရှိန်ကို မကျော်စေရ။

(၇) အရက်သောက်ထားလျှင် မော်တော်ယာဉ်မောင်းနှင်ခြင်း မပြုရ။

ဆက်သွယ်ရန်) ခါတိုးမြို့ အထွေထွေစီမံဘဏ္ဍာဌာန၊ ဘေးအန္တရာယ်ကာကွယ်ရေးဌာနခွဲ
ဖုန်း - 0795-43-0403
ခါတိုး ရဲဌာန
ဖုန်း - 0795-42-0110

## ၅ ဒေသတွင်း လူနေမှု

ဂျပန်တွင် "ချောနိုင်းခိုင် (ရပ်ရွာအသင်းအဖွဲ့)" နှင့် "ဂျိချိခိုင် (နေထိုင်သူများအသင်းအဖွဲ့)" ဟုခေါ်သည့် ရပ်ရွာလူမှုအသိုက်အဝန်းများရှိပြီး တူညီသည့်ဒေသတွင်းနေထိုင်သူများက အချင်းချင်းအပြန်အလှန်ကူညီရင်း အမျိုးမျိုးသော လှုပ်ရှားမှုများကို လုပ်ဆောင်နေပါသည်။

**အိမ်နီးချင်းများနှင့် ပေါင်းသင်းဆက်ဆံရေး**

အခက်အခဲ တစ်စုံတစ်ရာနှင့်ကြုံရချိန်တွင် အိမ်နီးချင်းများနှင့် အပြန်အလှန်ကူညီမှု အရေးပါလာမည်ဖြစ်ပါသည်။ ဈေးဝယ်ပုံ၊ အမှိုက်ပစ်ပုံ၊ ထိုမှမက မိမိနှင့် မိမိ၏မိသားစု မကျန်းမမာဖြစ်ခြင်း၊ မမျှော်လင့်ဘဲ မီးလောင်မှုဖြစ်ခြင်းစသည့် အနေအထားတွင် အရေးပါသည့် သတင်းအချက်အလက်များ ရယူနိုင်ခြင်းများစွာရှိသည့်အတွက် ပုံမှန်အချိန်တွင်လည်း ပတ်ဝန်းကျင်မှ လူအများနှင့် ပေါင်းသင်းဆက်ဆံမှုကို စိတ်အားထက်သန်စွာ လုပ်ဆောင်ကြပါစို့။

**လူနေမှုဆိုင်ရာ အခြေခံစည်းကမ်း**

ဒေသန္တရလူမှုအသိုက်အဝန်း၌ လှုပ်ရှားနေထိုင်ရာတွင် အောက်ပါအချက်များကို သတိထားကြပါစို့။

(၁) နေထိုင်လှုပ်ရှားမှု ဆူညံသံများ

လူနေရပ်ကွက်နှင့်တိုက်ခန်းအိမ်ရာများတွင် သင့်အခန်းမှအသံကို ဘေးခန်းများကကြားကောင်းကြားနိုင်ပါသည်။ အထူးသဖြင့် ညနက်ပိုင်းနှင့် မနက်စောစောအချိန်များတွင် တတ်နိုင်သမျှအသံမထွက်ရန် လုပ်ဆောင်ကြပါစို့။ TV မှ အသံ၊ တူရိယာပစ္စည်းသံ၊ ကျယ်လောင်စွာ စကားပြောသံ၊ ဖုန်စုပ်စက်၊ အဝတ်လျှော်စက်၊ ရေစိမ်ကန်တို့မှ အသံ စသည်များမှာလည်း "ဆူညံသံ" ဖြစ်တတ်သဖြင့် သတိပြုပါ။

(၂) တိုက်ခန်းအိမ်ရာများ၏ အများနှင့်ဆိုင်သည့်အစိတ်အပိုင်း အသုံးပြုနည်း

တိုက်ခန်းအိမ်ရာများ၏ အများနှင့်ဆိုင်သည့်အစိတ်အပိုင်း (လှေခါး၊ စင်္ကြံစသည်) သည် နေထိုင်သူအားလုံး သုံးစွဲရန် နေရာများဖြစ်ပါသည်။ ငလျင်၊ မီးလောင်မှုစသည့် ဘေးအန္တရာယ်များဖြစ်ပွားချိန်တွင် ထွက်ပြေးတိမ်းရှောင်ရန် လမ်းကြောင်းလည်းဖြစ်သည့်အတွက် ထိုနေရာ၌ မိမိ၏ပစ္စည်းများကို မထားပါနှင့်။

**ချောနိုင်းခိုင် (ရပ်ရွာအသင်းအဖွဲ့)၊ "ဂျိချိခိုင် (နေထိုင်သူများအသင်းအဖွဲ့)**

ချောနိုင်းခိုင် (ရပ်ရွာအသင်းအဖွဲ့)နှင့် ဂျိချိခိုင် (နေထိုင်သူများအသင်းအဖွဲ့) များသည် ဒေသန္တရလူမှုအသိုက်အဝန်း၏ အပြန်အလှန်ကူညီမှု၊ ခင်မင် ရင်းနှီးမှုများ နက်ရှိုင်းစေရေးနေရာအဖြစ် ဒေသတွင်းနေထိုင်သူများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်ပါသည်။ မဖြစ်မနေဝင်ရောက်ရန်မဟုတ်သော်လည်း ဝင်ရောက်ထားလျှင် ဒေသန္တရလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမှတစ်ဆင့် အိမ်နီးချင်းများနှင့် ဆက်နွယ်မှု တည်ဆောက်နိုင်ပြီး လူနေမှုသတင်းအချက်အလက်၊ ဘေးအန္တရာယ် ဖြစ်ချိန် တိမ်းရှောင်ရေး သတင်းအချက်အလက်စသည့် အရေးပါသော သတင်းအချက်အလက်များကို ရရှိနိုင်သည့် နေရာပင်ဖြစ်ပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့လူထုပူးပေါင်းဆောင်ရွက်ရေးဌာန လူ့အခွင့်အရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
ဖုန်း - 0795 – 43 - 0544

## ၆　နိုင်ငံတကာကူးလူးဆက်ဆံမှု၊ တိုင်ပင်ရေးကောင်တာ

### နိုင်ငံတကာကူးလူးဆက်ဆံမှု

(၁) ကူးလူးဆက်ဆံမှုလုပ်ငန်း

ခါတိုးမြို့တွင် နိုင်ငံတကာကူးလူးဆက်ဆံမှုလုပ်ငန်း အမျိုးမျိုးကို လုပ်ဆောင်သည့် "NPO အဖွဲ့အစည်း ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း (အတိုကောက် KIA)" ရှိပါသည်။

ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း (KIA)သည် ညီအစ်မမြို့ကူးလူးဆက်ဆံမှုလုပ်ငန်း၊ ဂျပန် နိုင်ငံသား - နိုင်ငံခြားသားနေထိုင်သူ ယဉ်ကျေးမှုပေါင်းစုံ ကူးလူးဆက်ဆံမှုလုပ်ငန်းများမှတစ်ဆင့် မြို့နေပြည်သူများ၏ နိုင်ငံတကာဆိုင်ရာနားလည်မှု အားပေးရေး၊ ထိုမှ္မမက ဂျပန်နိုင်ငံသား - နိုင်ငံခြားသား မခွဲခြားဘဲ မြို့တွင်နေထိုင်သူ အားလုံးအတွက် အဆင်ပြေစွာနေထိုင်နိုင်သည့်မြို့တည်ထောင်ရေးတို့ကို ရည်မှန်းချက်ထား၍ လှုပ်ရှားနေပါသည်။

လူအများအပြားနှင့် မိတ်ဆွေအပေါင်းအသင်းဖြစ်နိုင်သည့် ပျော်ရွှင်ဖွယ်ရာ စားသောက်ပွဲ၊ ဂျပန် - နိုင်ငံရပ်ခြား ယဉ်ကျေးမှုသင်တန်းစသည့် ပွဲလမ်းအမျိုးမျိုးကို ကျင်းပနေသည့်အပြင် နိုင်ငံခြားသား နေထိုင်သူများ၏ နိစ္စဓူဝ လူနေမှုဘဝအတွင်း အခက်အခဲများ၊ တိုင်ပင်ဆွေးနွေးမှုများအတွက် ကိုင်တွယ်နိုင်ရန် ပြင်ဆင်မှုများကို လုပ်ဆောင် နေပါသည်။ နိုင်ငံတကာကူးလူးဆက်ဆံမှု ပွဲလမ်းများတွင် ပါဝင်လိုခြင်း၊ အကြောင်းကိစ္စ တစ်စုံတစ်ခုအတွက် တိုင်ပင်ဆွေးနွေးလိုခြင်း ရှိပါက ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း သို့ ဆက်သွယ်ပါ။

(၂) ဂျပန်ဘာသာသင်တန်း

ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း (KIA) တွင် နိုင်ငံခြားသားများအတွက် ဂျပန်ဘာသာသင်တန်းကို ခါတိုးမြို့၌ ဖွင့်လှစ်နေပါသည်။ ဂျပန်ဘာသာစကားကို အခမဲ့ သင်ယူနိုင်ပါသည်။ တက်ရောက်လိုသူသည် ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း (KIA) သို့ ဆက်သွယ်ပါ။

| သင်တန်းအမည် | နေ့/အချိန် | နေရာ |
|---|---|---|
| ယာရှိရိုး သင်တန်း | သောကြာနေ့<br>19:00 - 21:00 | ယာရှိရိုး ရှော့ပင်းဂုပါ့ကု ဘီအို ၂ ထပ်<br>ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း ရုံးခန်း<br>Kato-shi Yashiro 1126-1 |
| တိုးဂျော သင်တန်း | တနင်္ဂနွေနေ့<br>10:00 - 12:00 | ခါတိုးမြို့ မီနာမီယာမ စည်ပင်သာယာရေးထောက်ပံ့မှု<br>အဆောက်အအုံ Mina-Kuru　အစည်းအဝေးခန်းမကြီး<br>Kato-shi Minamiyama 1-4-2 |

(၃) ကလေးသူငယ် ဂျပန်ဘာသာသင်တန်း

နိုင်ငံခြားသား ကလေးငယ်/ကျောင်းသားများအတွက် ဂျပန်ဘာသာလေ့ကျင့်သင်ယူမှုနှင့် အိမ်စာအထောက်အကူ လုပ်ငန်းများကို လုပ်ဆောင်ပေးနေပါသည်။ တက်ရောက်လိုသူသည် ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း (KIA) သို့ ဆက်သွယ်ပါ။

အကျုံးဝင်သူ - နေ့ကလေးထိန်း/မူကြို နောက်ဆုံးနှစ်အရွယ်မှ အလယ်တန်း တတိယနှစ် ကျောင်းသားများအထိ

နေ့/ အချိန်　- စနေနေ့　10:00 - 11:30

နေရာ　- Kato-shi Yashiro 1126-1

ယာရှိရိုး ရှော့ပင်းဂုပါ့ကု ဘီအို ၂ ထပ်　ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း ရုံးခန်း

ဆက်သွယ်ရန်) NPO အဖွဲ့အစည်း ခါတိုးမြို့ နိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း (KIA)

ဖုန်း - 0795−42−6633

EMAIL - kia@katokokusai.org

အင်တာနက်စာမျက်နှာ - http://katokokusai.org/

**နိုင်ငံခြားသား တိုင်ပင်ဆွေးနွေးရေးကောင်တာ**

ခါတိုးမြို့တွင်နေထိုင်သူ နိုင်ငံခြားသားများအတွက် လူနေမှုဆိုင်ရာ ဆွေးနွေးတိုင်ပင်မှု လက်ခံဆောင်ရွက်ပေးနေ ပါသည်။ ဂျပန်တွင် နေထိုင်ရာ၌ ကြုံတွေ့နေရသည့် လူနေမှုဆိုင်ရာအခက်အခဲ၊ ပူပင်သောက စသည်များကို မိခင်ဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ ဗီယက်နမ်နှင့် တရုတ်ဘာသာစကားများအတွက် နိုင်ငံခြားသား တိုင်ပင်ရေးဝန်ထမ်းများက ဆောင်ရွက်ပေးပါသည်။ အခြားဘာသာစကားဖြစ်ပါက ဝန်ထမ်းများက အလိုအလျောက်ဘာသာပြန် စကားပြောစက်ကို သုံး၍ဆောင်ရွက်ပေးပါသည်။ အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုပါ (လက်ယာဘက်ရှိ QR ကုတ်မှလည်း ကြည့်ရှုနိုင်ပါသည်)။

https://www.city.kato.lg.jp/kakukanogoannai/shiminkyoudoubu/jinkenkyoudouka/jinkensuisin/gaikokuzin/13312.html

နေ့ရက် တနင်္လာမှ သောကြာ (စနေ၊ တနင်္ဂနွေ၊ အများပြည်သူအားလပ်ရက် ပိတ်သည်၊
ဒီဇင်ဘာလ ၂၉ ရက်မှ ဇန်နဝါရီလ ၃ရက်အထိ ပိတ်သည်)

အချိန် 8:30 - 12:00, 13:00 - 17:15
※16:30 - 17:15 တွင် အလိုအလျောက်ဘာသာပြန် စကားပြောစက်သုံး၍ ဆောင်ရွက်ပေးသည်။

နေရာ Hyogo-ken Kato-shi Yashiro 50 ခါတိုးမြို့အုပ်ရေးရုံး မြေညီထပ်
လူထုပူးပေါင်းဆောင်ရွက်ရေးဌာနလူ့အခွင့်အရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲ

ဖုန်းနံပါတ် 0795-43-0544 (အစပိုင်းတွင် ဂျပန်ဘာသာဖြင့် ပြောဆိုပါမည်)

တိုင်ပင်မှုနမူနာ - ပြောင်းရွှေ့ရောက်ရှိခြင်း၊ ပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့နေထိုင်ခြင်းနှင့်ပတ်သက်၍၊
အခွန်/ကျန်းမာရေးအာမခံနှင့်ပတ်သက်၍၊ မြို့အုပ်ချုပ်ရေးရုံး၌ ဆောင်ရွက်စရာများနှင့်ပတ်သက်၍

※အခမဲ့ တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

※တိုင်ပင်ရေးဝန်ထမ်း မရှိသည့်အခါမျိုးလည်း ရှိနိုင်ပါသည်။

**နိုင်ငံခြားသားများအတွက် လူ့အခွင့်အရေး တိုင်ပင်ဆွေးနွေးမှု**

နိုင်ငံခြားသားဖြစ်ခြင်းကိုအကြောင်းပြု၍မသင့်လျော်သောနှိမ့်ချဆက်ဆံမှုခံရခြင်း၊ ကျောင်းတွင်အနိုင်ကျင့်ခံရခြင်း စသည့် နေ့စဉ်လူနေမှုဘဝအတွင်း လူ့အခွင့်အရေးပြဿနာဟု ခံစားရခြင်းမျိုး ရှိပါသလား။

တစ်ဦးတည်း ကြိတ်မှိတ်ခံစားမနေဘဲ တရားရေးဌာန/ ဒေသန္တရတရားရေးဌာနများတွင် တိုင်ပင်ဆွေးနွေးပါ။ ဌာနမှ ဝန်ထမ်းနှင့် လူ့အခွင့်အရေး ထိန်းသိမ်းကာကွယ်ရေးကော်မတီဝင်များကလက်ခံဆွေးနွေးပြီး အခက်အခဲပြေလည်ရေး အကောင်းဆုံး နည်းလမ်းကို အတူတကွ စဉ်းစားရှာဖွေကြပါမည်။

နိုင်ငံခြားသားများအတွက် လူ့အခွင့်အရေး တိုင်ပင်ဆွေးနွေးမှုကောင်တာသို့ အောက်ပါ အင်တာနက်စာမျက်နှာမှ စုံစမ်းပါ (အောက်ပါ QR ကုတ်မှလည်း ကြည့်ရှုနိုင်ပါသည်)။ ဘာသာစကား ၁၀မျိုးဖြင့် လုပ်ဆောင်ပေးပါသည်။

https://www.moj.go.jp/JINKEN/jinken21.html

ဆက်သွယ်ရန်) ခါတိုးမြို့လူထုပူးပေါင်းဆောင်ရွက်ရေးဌာန လူ့အခွင့်အရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
ဖုန်း - 0795-43-0544

## ၇ နိုင်ငံခြားသားနေထိုင်သူ အကြောင်းကြားခြင်း

အလည်ခရီးစသည့် ရည်ရွယ်ချက်ဖြင့် နေထိုင်ခြင်းမဟုတ်ဘဲ အတော်အသင့် ကြာမြင့်သည့်အချိန်ကာလ ဂျပန်တွင် နေထိုင်သည့် နိုင်ငံခြားသားအနေဖြင့် အစိုးရဝန်ဆောင်မှုအမျိုးမျိုးကို ခံယူနိုင်ပါသည်။ ထိုအခါတွင် မိမိ၏ကိုယ်ရေးအချက်အလက်နှင့် လက်ရှိလိပ်စာတွင်နေထိုင်နေသည်ကို ထုတ်ဖော်တင်ပြရန်လိုအပ်ပါသည်။ ခါတိုးမြို့တွင် စတင်နေထိုင်သည့်အခါ (သို့) ခါတိုးမြို့မှ ပြောင်းရွှေ့သည့်အခါများတွင် မြို့အုပ်ချုပ်ရေးရုံး မြေညီထပ်ကောင်တာ (လူထုရေးရာဌာနခွဲ) သို့ သွားရောက်ကာ လုပ်ငန်းစဉ်များကို မဖြစ်မနေ ဆောင်ရွက်ပါ။

**အကြောင်းကြားခြင်းကို မည်သည့်အချိန်တွင် မည်သို့လုပ်ဆောင်ရမည်နည်း**

| ဤအချိန်တွင် | အမျိုးအစား | လုပ်ရမည့်ကာလ | လိုအပ်သည့်အရာ |
|---|---|---|---|
| ဂျပန်သို့ရောက်ပြီး ပထမဆုံးလိပ်စာက မြို့တွင်းတွင် အတည်ဖြစ်ချိန် | ပြောင်းရွှေ့ရောက်ရှိခြင်း | ပထမဆုံးလိပ်စာ အတည်ဖြစ်သည့်နေ့မှ ၁၄ရက်အတွင်း | ・ ပြောင်းရွှေ့လာသူအားလုံး၏ နိုင်ငံကူးလက်မှတ်နှင့် နေထိုင်ခွင့်ကတ် (သို့) အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်<br>・ ပြောင်းရွှေ့ဝင်ရောက်မည့်အိမ်ထောင်စု၏ အိမ်ထောင်ဦးစီး သဘောတူညီချက် (သို့) ကတိပြုချက်စာရွက် (※) |
| မြို့တွင်းတွင် လိပ်စာပြောင်းနေထိုင်ချိန် | ပြောင်းရွှေ့နေထိုင်ခြင်း | ပြောင်းရွှေ့လာသည့်နေ့မှ ၁၄ရက် အတွင်း | ・ ပြောင်းရွှေ့လာသူအားလုံး၏နေထိုင်ခွင့်ကတ် သို့မဟုတ် အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ် (သို့မဟုတ် အလားတူဟု ယူဆသည့် နိုင်ငံခြားသားမှတ်ပုံတင်ကတ်)<br>・ ပြောင်းရွှေ့နေထိုင်မည့်အိမ်ထောင်စု၏ အိမ်ထောင်ဦးစီး သဘောတူညီချက် (သို့) ကတိပြုချက်စာရွက် (※)<br>・ ကိုယ်ပိုင်နံပါတ်ကတ် (ရှိထားသူများ)<br>・ ပြည်သူ့ကျန်းမာရေးအာမခံအရည်အချင်းပြည့်မီသူအတည်ပြုလက်မှတ် ၊ သက်ကြီးရွယ်အိုဆေးကုသမှုအရည်အချင်းပြည့်မီသူ အတည်ပြုလက်မှတ်၊ လူမှုဖူလုံရေးဆေးကုသစရိတ်ခံစားသူ လက်မှတ်၊ ပြုစုစောင့်ရှောက်မှုအာမခံထားသူလက်မှတ်စသည် (ရှိထားသူများ) |
| မြို့ပြင်(နိုင်ငံပြင်ပ)မှ မြို့တွင်းသို့ ပြောင်းရွှေ့လာချိန် | ပြောင်းရွှေ့ရောက်ရှိခြင်း | ပြောင်းရွှေ့လာသည့်နေ့မှ ၁၄ရက် အတွင်း | ・ ပြောင်းရွှေ့ထွက်ခွာခြင်းသက်သေခံစာရွက်(ယခင်နေရပ်တွင် ပြောင်းရွှေ့ထွက်ခွာခြင်းလုပ်ငန်းစဉ်အရ ထုတ်ပေး သည့် စာရွက်)<br>・ ပြောင်းရွှေ့လာသူအားလုံး၏နေထိုင်ခွင့်ကတ် သို့မဟုတ် အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ် (သို့မဟုတ် အလားတူဟု ယူဆသည့် နိုင်ငံခြားသားမှတ်ပုံတင်ကတ်)<br>ပြောင်းရွှေ့ဝင်ရောက်မည့်အိမ်ထောင်စု၏ အိမ်ထောင်ဦးစီး သဘောတူညီချက် (သို့) ကတိပြုချက်စာရွက် (※)<br>・ ကိုယ်ပိုင်နံပါတ်ကတ် |
| မြို့ပြင်(နိုင်ငံပြင်ပ အပါအဝင်)သို့ ပြောင်းရွှေ့ချိန် | ပြောင်းရွှေ့ထွက်ခွာခြင်း | ပြောင်းရွှေ့ထွက်ခွာမည့်နေ့မှ ၁၄ရက် အတွင်း | ・ ပြည်သူ့ကျန်းမာရေးအာမခံအရည်အချင်းပြည့်မီသူအတည်ပြုလက်မှတ်၊ သက်ကြီးရွယ်အိုဆေးကုသမှုအရည်အချင်းပြည့်မီသူအတည်ပြုလက်မှတ်၊ လူမှုဖူလုံရေးဆေးကုသစရိတ်ခံစားသူလက်မှတ်၊ ပြုစုစောင့်ရှောက်မှုအာမခံထားသူလက်မှတ်စသည် (ရှိထားသူများ)<br>※ဂျပန်နိုင်ငံပြင်ပသို့ ပြောင်းရွှေ့မည်ဆိုပါက ကိုယ်ပိုင်နံပါတ်ကတ် |

(※) အိမ်ထောင်ဖက်၊ မိဘ၊ အဖိုးအဖွား၊ သားသမီး၊ မြေးများမှလွဲ၍ နေထိုင်နေပြီးသော အိမ်ထောင်စုသို့ ပြောင်းရွှေ့နေထိုင် (သို့) ပြောင်းရွှေ့ဝင်ရောက်သည့်အခါတွင် ပြောင်းရွှေ့နေထိုင် (သို့) ပြောင်းရွှေ့ဝင်ရောက်မည့် အိမ်ထောင်စု၏ အိမ်ထောင်ဦးစီး သဘောတူညီချက် (သို့) ကတိပြုချက်စာရွက် လိုအပ်ပါသည်။ (ခါတိုးမြို့အုပ်ချုပ်ရေးရုံး အင်တာနက် စာမျက်နှာတွင် ပုံစံစာရွက်ကို ဒေါင်းလုပ်ရယူနိုင်သည်)

- နိုင်ငံခြားသားနေထိုင်သူက အိမ်ထောင်ဦးစီးဖြစ်သည့်အိမ်ထောင်စုတွင် နိုင်ငံခြားသားနေထိုင်သူ လူသစ်အဖြစ် ပြောင်းရွှေ့ဝင်ရောက်ခြင်း (သို့) ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ပါက မူအားဖြင့်၊ အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံကို

သက်သေပြနိုင်သည့် စာရွက်စာတမ်း (မိခင်နိုင်ငံအစိုးရစသည့် အများပြည်သူဆိုင်ရာဌာနများက ထုတ်ပေးသည့် အရာဖြစ်ပြီး မွေးစာရင်း၊ လက်ထပ်ထိမ်းမြားမှုသက်သေခံစာရွက်စသည်) နှင့် ဂျပန်ဘာသာသို့ ပြန်ဆိုထားသည့် စာရွက် (ဘာသာပြန်သူ၏ လက်မှတ်ပါရှိသည့်အရာ) များ လိုအပ်ပါသည်။

- အကြောင်းကြားခြင်း လုပ်ဆောင်နိုင်သူမှာ ကာယကံရှင် (သို့) တစ်အိမ်ထောင်တည်းနေထိုင်သူ ဖြစ်ပါသည်။ အခြားသူများက အကြောင်းကြားမည်ဆိုလျှင် ကိုယ်စားလှယ်လွှဲစာ လိုအပ်ပါသည်။ (ခါတိုးမြို့အုပ်ချုပ်ရေးရုံး အင်တာနက်စာမျက်နှာတွင် ပုံစံစာရွက်ကို ဒေါင်းလုပ်ရယူနိုင်သည်)
- အကြောင်းကြားသူ၏ ကာယကံရှင်ဖြစ်ကြောင်းသက်သေခံစာ (ကာယကံရှင်ဖြစ်ကြောင်း အတည်ပြုထားသည့် စာရွက်စာတမ်း - ယာဉ်မောင်းလိုင်စင်၊ နိုင်ငံကူးလက်မှတ်၊ ကိုယ်ပိုင်နံပါတ်ကတ်၊ နေထိုင်ခွင့်ကတ် (သို့) အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ် စသည်) လိုအပ်ပါသည်။

**နေထိုင်မှုစီမံခန့်ခွဲရေးစနစ်နှင့် ပတ်သက်သည့် လုပ်ငန်းဆောင်တာ**

◆အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်ဆိုင်ရာ သတင်းပေးပို့ခြင်း

အထူးအမြဲတမ်းနေထိုင်သူဆိုင်ရာ လုပ်ငန်းဆောင်တာအားလုံးအတွက် မြို့အုပ်ချုပ်ရေးရုံးသို့ သွားပါ။

| ဤသို့သောအချိန်တွင် | | မည့်သည့်အချိန်အထိ | ယူဆောင်သွားရမည့်အရာ |
|---|---|---|---|
| အမည်၊ မွေးနေ့၊ လိင်အမျိုးအစား၊ နိုင်ငံသားအမျိုးအစား ပြောင်းလဲခြင်း၊ အမှားပြင်ဆင်ခြင်း လိုအပ်သည့်အခါ | | အပြောင်းအလဲရှိလာချိန်မှ စ၍ တတ်နိုင်သမျှစောစော | • အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်<br>• ဓာတ်ပုံ ၁ပုံ (၁၆နှစ်အောက်မလိုအပ်) (※)<br>• နိုင်ငံကူးလက်မှတ်<br>• ပြောင်းလဲမှု၊ ပြင်ဆင်မှု အကြောင်းအရာကို သိရှိနိုင်သည့် စာရွက်စာတမ်း |
| အထူးအမြဲတမ်းနေထိုင်သူ သက်သေခံကတ် သက်တမ်းကုန်ဆုံးချိန် | ၁၆နှစ်နှင့် အထက် | သက်တမ်းမကုန်မီ ၂လမှ သက်တမ်းကုန်ချိန်အထိ | • အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်<br>• ဓာတ်ပုံ ၁ပုံ (※)<br>• နိုင်ငံကူးလက်မှတ် |
| | ၁၆နှစ် အောက် | သက်တမ်းမကုန်မီ ၆လမှ သက်တမ်းကုန်ချိန်အထိ | |
| အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ် ပျောက်ဆုံး/ပျက်စီးဆုံးရှုံးသည့်အခါ | | ၁၄ ရက်အတွင်း | • ဓာတ်ပုံ ၁ပုံ (※)<br>• ပျောက်ဆုံးပစ္စည်းအကြောင်းကြားခြင်း<br>• သက်သေခံစာရွက်စသည်များ |
| အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ် စွန်းပေ/ပျက်စီးသည့်အခါ | | အချိန်သတ်မှတ်ချက်မရှိ (သို့သော် ပြန်လျှောက်ရန် အမိန့်ရရှိသည့်အခါ ထိုအမိန့် ရသည့်နေ့မှ ၁၄ရက်အတွင်း) | • အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်<br>• ဓာတ်ပုံ ၁ပုံ (၁၆နှစ်အောက်မလိုအပ်) (※)<br>• နိုင်ငံကူးလက်မှတ် |
| အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ် လဲလှယ်ရန် ဆန္ဒရှိသည့်အခါ<br>※ဝန်ဆောင်ခယန်း ၁,၆၀၀ ကျမည်။ | | အချိန်မရွေး | • အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်<br>• ဓာတ်ပုံ ၁ပုံ (၁၆နှစ်အောက်မလိုအပ်) (※)<br>• နိုင်ငံကူးလက်မှတ် |
| နေထိုင်ခွင့်ကတ် (ယခင်နိုင်ငံခြားသား သက်သေခံ ကတ်ပြား) အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်သို့ ပြောင်းလဲရန် ဆန္ဒရှိသည့်အခါ | | အချိန်မရွေး | • နေထိုင်ခွင့်ကတ် (ယခင်နိုင်ငံခြားသား သက်သေခံ ကတ်ပြား)<br>• ဓာတ်ပုံ ၁ပုံ (၁၆နှစ်အောက်မလိုအပ်) (※)<br>• နိုင်ငံကူးလက်မှတ် |

(※) ယခင် ၃လအတွင်း ရိုက်ကူးထားသည့် အနံ ၄ စင်တီမီတာ၊ အလျား ၃ စင်တီမီတာ အရွယ်၊ ဦးထုပ်မပါ၊ နောက်ခံပြောင်တွင် ရှေ့တည့်တည့် မျက်နှာမူထားသော ဓာတ်ပုံကို ယူဆောင်သွားပါ။

အကြောင်းကြားခြင်း လုပ်ဆောင်နိုင်သူမှာ ကာယကံရှင် (သို့) အတူနေထိုင်သူ ဖြစ်သည်။ ထိုသူများမှအပ

အကြောင်းကြားခြင်း လုပ်ဆောင်သည့်အခါ ကိုယ်စားလှယ်လွှဲစာ လိုအပ်သည်။

**ဂျပန်တွင် ရင်သွေးမွေးဖွားသည့်အခါ**

ဂျပန်တွင် ရင်သွေးမွေးဖွားသည်ဆိုလျှင် မွေးဖွားမှုအကြောင်းကြားစာကို ၁၄ရက်အတွင်း တင်ပြပါ။ ထိုအခါတွင် မွေးစာရင်းထောက်ခံစာမူရင်း၊ နိုင်ငံသားအမျိုးအစားစသည်များကို အတည်ပြုရန် မိဘ၏ နိုင်ငံကူးလက်မှတ်၊ မိဘ၏ နေထိုင်ခွင့်ကတ် (သို့) အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်စသည်များလိုအပ်ပါသည်။ ထို့အပြင် နေထိုင်ခွင့် အမျိုးအစားနှင့်ပတ်သက်၍ ရက်၃၀အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဌာနတွင် လုပ်ငန်းစဉ်များ လုပ်ဆောင်ပါ။ နိုင်ငံသားလျှောက်ထားမှု (အခြားနိုင်ငံ၏နိုင်ငံသား) မှာ သက်ဆိုင်ရာသံရုံးတွင် မေးမြန်းစုံစမ်းပါ။

**နေထိုင်ခွင့်ကတ် သို့မဟုတ် အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်စသည်များ ပြန်လည်အပ်နှံခြင်း**

အောက်ပါအနေအထားတွင် နေထိုင်ခွင့်ကတ် သို့မဟုတ် အထူးအမြဲတမ်းနေထိုင်သူသက်သေခံကတ်ကို ပြန်လည် အပ်နှံရန် လိုအပ်ပါသည်။

| ဤအချိန်တွင် | အမျိုးအစား | အကြောင်းကြားရမည့်နေရာ |
|---|---|---|
| ဂျပန်မှထွက်ခွာချိန်<br>(ဂျပန်သို့ ပြန်မလာသည့်အခါ) | နေထိုင်ခွင့်ကတ် | လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေးဌာန |
| ဂျပန်နိုင်ငံသား ဖြစ်လာသည့်အခါ | နေထိုင်ခွင့်ကတ် | လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေးဌာန |
| | အထူးအမြဲတမ်းနေထိုင်သူ<br>သက်သေခံကတ် | လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေးဌာန<br>(သို့) မြို့အုပ်ချုပ်ရေးရုံး |
| သေဆုံးသည့်အခါ | နေထိုင်ခွင့်ကတ် | လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေးဌာန |
| | အထူးအမြဲတမ်းနေထိုင်သူ<br>သက်သေခံကတ် | လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှု<br>စီမံခန့်ခွဲရေးဌာန (သို့) မြို့အုပ်ချုပ်ရေးရုံး |

**ဂျပန်သို့ ပြန်လည်ဝင်ရောက်ခွင့် လျှောက်ထားခြင်း**

နေထိုင်ခွင့်ကတ်ကိုင်ဆောင်ထားသူဖြစ်လျှင် ဂျပန်မှ ထွက်ခွာပြီးနောက် ၁ နှစ်အတွင်း၊ အထူးအမြဲတမ်းနေထိုင်သူ သက်သေခံကတ် ကိုင်ဆောင်ထားသူဖြစ်လျှင် ဂျပန်မှ ထွက်ခွာပြီးနောက် ၂နှစ်အတွင်း ဂျပန်သို့ ပြန်လည်ဝင်ရောက်သည့် အခါ ဂျပန်သို့ ပြန်လည်ဝင်ရောက်ခွင့်ကို ရယူရန် မလိုအပ်ပါ။

အထက်ဖော်ပြပါနှင့် ကွဲပြားသည့်ကာလမဟုတ်ဘဲ ဂျပန်သို့ ပြန်လည်ဝင်ရောက်ရန်ရှိသည့်အခါတွင် ဂျပန်မှ မထွက်ခွာမီ အနီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့်နေထိုင်မှုစီမံခန့်ခွဲရေးဌာနတွင် ဂျပန်သို့ပြန်လည်ဝင်ရောက်ခွင့် မဖြစ်မနေ လျှောက်ထားပါ။ ထိုဝင်ရောက်ခွင့်ကို ရရှိထားမည်ဆိုပါက ဂျပန်သို့ပြန်လည်ဝင်ရောက်ချိန်တွင် ဗီဇာလျှောက်ထားရန် မလိုအပ်တော့ဘဲ၊ ယခင် နေထိုင်ခွင့် ဗီဇာအမျိုးအစားနှင့် သက်တမ်းများ ဆက်လက်ရှိထားသည်ဟု မှတ်ယူပါသည်။ ဂျပန်နိုင်ငံတွင်း ပြန်လည် ဝင်ရောက်ခွင့်တွင် တစ်ကြိမ်သုံး အမျိုးအစားနှင့် အကြိမ်ကြိမ်သုံး အမျိုးအစားဟူ၍ ရှိပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့ လူထုပူးပေါင်းဆောင်ရွက်ရေးဌာန လူထုရေးရာဌာနခွဲ
ဖုန်း - 0795-43-0390

# ၈ ရေ/လျှပ်စစ်မီး/ဓာတ်ငွေ့

**ရေ**

ရေအသုံးပြုရာတွင် ရေသုံးစွဲမှုစတင်ခြင်းလုပ်ငန်းစဉ်လိုအပ်သဖြင့် ရေသုံးစွဲသူစင်တာသို့ ဆက်သွယ်ပါ။ တိုက်ခန်းအိမ်ရာ၌ နေထိုင်သူများသည် အိမ်ပိုင်ရှင် (သို့) စီမံခန့်ခွဲသည့်ကုမ္ပဏီသို့ဆက်သွယ်ပါ။ အောက်ပါအနေအထားများတွင်လည်း ရေသုံးစွဲသူစင်တာ၌ လုပ်ငန်းစဉ်များကို စောလျင်စွာလုပ်ဆောင်ပါ။

- အိမ်ပြောင်းရွှေ့ခြင်းစသည့်များအတွက် ရေသုံးစွဲမှု ရပ်တန့်လိုသည့်အခါ (ရေသုံးစွဲမှုရပ်ဆိုင်းခြင်း)
- ရေပိုက်လိုင်းကို ဖယ်ရှားခြင်း သို့မဟုတ် အချိန်ရှည် သုံးစွဲမှုရပ်ဆိုင်းခြင်း (ရေသုံးစွဲမှုရပ်ဆိုင်းခြင်း)

ဆက်သွယ်ရန်) ခါတိုးမြို့ ရေသုံးစွဲသူစင်တာ
ဖုန်း - 0795-43-0538
ခါတိုးမြို့ ရေနှင့်မိလ္လာဌာန စီမံရေးဌာနခွဲ
ဖုန်း - 0795-43-0533

**လျှပ်စစ်**

◆စတင်အသုံးပြုသည့်အခါ

လျှပ်စစ်ဘရိတ်ကာတွင် ရှိနေသည့် ပို့စကတ်တွင် လိပ်စာ၊ အမည်၊ စတင်အသုံးပြုသည့်နေ့ကို ဖြည့်စွက်ကာ KANSAI ELECTRIC POWER CO, INC. (KEPCO) အရောင်းမြှင့်တင်ရေးရုံးသို့ စာတိုက်မှပေးပို့ခြင်း သို့မဟုတ် တယ်လီဖုန်းဖြင့် ဆက်သွယ်ခြင်းဖြင့် လျှောက်ထားပါ။

လျှောက်ထားခြင်းကို အင်တာနက်မှလည်း လုပ်ဆောင်နိုင်ပါသည် (သို့ရာတွင် ဂျပန်ဘာသာဖြင့်သာ)။

ပြောင်းရွှေ့လာပြီးနောက် လျှပ်စစ်စတင်အသုံးပြုရာတွင် အခန်းတွင်းရှိ လျှပ်စစ်မိန်းဆွစ် (ဘရိတ်ကာ) ခလုတ်ကို အထက်သို့ ပင့်တင်ပြီး လျှပ်စစ်မီးလာနေသည်ကို စိစစ်အတည်ပြုပါ။

ဂျပန်နိုင်ငံအနောက်ပိုင်းမှ ဒေသများတွင် 100v 60 hz ရှိသည့် လျှပ်စစ်စီးဆင်းပါသည်။ သတ်မှတ်မှုဘောင်နှင့် မကိုက်ညီသည့် လျှပ်စစ်ပစ္စည်းကိရိယာများဖြစ်ပါက မော်တာထိခိုက်ပျက်စီးနိုင်သဖြင့် အသုံးမပြုသင့်ပါ။

စာချုပ်ချုပ်ဆိုထားသည့်လျှပ်စစ်ပမာဏ (အမ်ပီယာ) ထက်ကျော်လွန်သည့်ပမာဏကို တစ်ပြိုင်နက်တည်းသုံးလျှင် ဘရိတ်ကာကျပါမည်။ အသုံးပြုနေသည့်ပစ္စည်းကိရိယာအရေအတွက် လျှော့ချပြီးမှ ဘရိတ်ကာခလုတ်ကို တင်ပါ။

◆အသုံးပြုမှုရပ်ဆိုင်းသည့်အခါ

အိမ်ပြောင်းရွှေ့ရန်အစီအစဉ် သေချာပြီဆိုလျှင် အင်တာနက်မှတစ်ဆင့် အသုံးပြုမှုရပ်ဆိုင်းခြင်းလုပ်ငန်းစဉ်ဖြင့်ဖြစ်စေ KEPCO ယာရှိရိုးအရောင်းမြှင့်တင်ရေးရုံးသို့ဖြစ်စေ ဆက်သွယ်အကြောင်းကြားပါ။

ဆက်သွယ်ရန်) KANSAI ELECTRIC POWER CO, INC. ယာရှိရိုးအရောင်းမြှင့်တင်ရေးရုံး
ဖုန်း - 0800-777-8085

**ဓာတ်ငွေ့**

◆စတင်အသုံးပြုသည့်အခါ

ပြောင်းရွှေ့လာသည့်အခါ နေထိုင်ရာအရပ်မှ ဓာတ်ငွေ့ကုမ္ပဏီသို့ဆက်သွယ်ပြီး ဓာတ်ငွေ့မီတာလိုင်းဖွင့်ခြင်း (သို့) ဓာတ်ငွေ့အိုး တပ်ဆင်ခြင်း လုပ်ဆောင်ပေးရန် တောင်းဆိုပါ။

◆အသုံးပြုမှုရပ်ဆိုင်းသည့်အခါ

အိမ်ပြောင်းရွှေ့ရန်အစီအစဉ် သေချာပါက ဓာတ်ငွေ့အသုံးပြုမှုရပ်လိုသည့်နေ့ရက်ထက် အနည်းဆုံးတစ်ပတ်ကြို၍ ဓာတ်ငွေ့ကုမ္ပဏီသို့ အကြောင်းကြားပါ။

ဆက်သွယ်ရန်) Osaka Gas Living Business Division ဟယောဂိုရုံး
ဖုန်း - 0120-7-94817 (ဓာတ်ငွေ့ပိုက်လိုင်း)
※ပရိုပိန်း ဓာတ်ငွေ့အိုးဖြစ်လျှင် ပုဂ္ဂလိကဓာတ်ငွေ့ကုမ္ပဏီ/အရောင်းဆိုင် (အိမ်ပိုင်ရှင်ထံ မေးမြန်းပါ)

## ၉ အခွန်

ဂျပန်နိုင်ငံတွင် နိုင်ငံ၊ ခရိုင်၊ မြို့ရွာအသီးသီး ကွဲပြားသော အခွန်အမျိုးအစားများကို တာဝန်ယူစီမံခန့်ခွဲနေပါသည်။ နိုင်ငံဆိုင်ရာအခွန်ကို အခွန်ဌာန၊ ဒေသန္တရအခွန်များထဲမှ ခရိုင်ဆိုင်ရာအခွန်မှာ ခရိုင်အခွန်ရုံး၊ မြို့ရွာဆိုင်ရာအခွန်မှာ မြို့အုပ်ချုပ်ရေးရုံး မြေညီထပ်ရှိ အခွန်ဌာနခွဲတို့က တာဝန်ယူလုပ်ဆောင်နေပါသည်။

### မြို့မှ တာဝန်ယူလုပ်ဆောင်သည့် အဓိက အခွန်များ

| အခွန်အမျိုးအစား | | အခွန်ဆောင်ရမည့်သူ |
|---|---|---|
| မြို့တွင်<br>နေထိုင်သူ အခွန် | တစ်သီးပုဂ္ဂလ<br>မြို့တွင်နေထိုင်သူအခွန်<br>(နေထိုင်သူအခွန်) | ဇန်နဝါရီလ ၁ ရက်နေ့တွင် မြို့တွင်း၌ နေရပ်လိပ်စာရှိသူ<br>ဇန်နဝါရီလ ၁ ရက်နေ့တွင် မြို့တွင်း၌ နေရပ်လိပ်စာမရှိသော်လည်း ရုံးခန်း၊ လုပ်ငန်းဌာန၊ သို့မဟုတ် အိမ်အဆောက်အအုံ ပိုင်ဆိုင်ထားသူ |
| | ကုမ္ပဏီအဖွဲ့အစည်း<br>မြို့တွင်နေထိုင်သူအခွန် | မြို့တွင်း၌ နေရပ်လိပ်စာမရှိသော်လည်း ရုံးခန်း၊ လုပ်ငန်းဌာန၊ သို့မဟုတ်<br>အဆောက်အသည်ကို ပိုင်ဆိုင်ထားသည့် ကုမ္ပဏီအဖွဲ့အစည်း |
| မရွှေ့မပြောင်းနိုင်သည့်ပိုင်ဆိုင်မှု အခွန် | | ဇန်နဝါရီလ ၁ ရက်နေ့တွင် မြို့တွင်း၌ မြေ၊ အဆောက်အအုံ၊ တန်ဖိုးလျော့ ပိုင်ဆိုင်မှုကို ပိုင်ဆိုင်ထားသူ |
| မြို့စီမံကိန်းအခွန် | | ဇန်နဝါရီလ ၁ ရက်နေ့တွင် မြို့တွင်းမှ မြို့ပြစီမံကိန်းဧရိယာ၊ နန်းဇန်ဧရိယာ အလုံးစုံ၊ တဲန်ဂျင်းနိရှိ မြေကွက်ပြင်ဆင်မွမ်းမံမှု ဧရိယာ၊ တဲန်ဂျင်းဟီဂါရှိ ဟာရှိခါ့ဒါနီ မြေကွက်ပြင်ဆင်မွမ်းမံမှုဧရိယာတွင် မြေယာ၊ အဆောက်အအုံ ပိုင်ဆိုင်ထားသူ |
| အင်ဂျင်အသေးစား ကားခွန်<br>(အမျိုးအစားအလိုက် လျော့ပေါ့မှု) | | ဧပြီလ ၁ ရက်နေ့တွင် မြို့တွင်း၌ ကားကို အဓိကထားရှိရာနေရာ (ကားရပ် စခန်း) ရှိသည့် အင်ဂျင်အသေးစားကားစသည်များ ပိုင်ဆိုင်သူ |
| ပြည်သူ့ကျန်းမာရေးအာမခံအခွန် | | ပြည်သူ့ကျန်းမာရေးအာမခံထားသူရှိသည့်အိမ်ထောင်၏အိမ်ထောင်ဦးစီး |
| မြို့၏ ဆေးလိပ်အခွန် | | ဆေးလိပ်ဝယ်ယူသူ (ဆေးလိပ်ဖိုးတွင် ဆေးလိပ်အခွန်ပါဝင်ပါသည်) |
| ရေစိမ်ချိုးခြင်းအခွန် | | စိမ့်ရေ စိမ်ချိုးသည့်နေရာ (ရေပူစမ်းအဆောက်အအုံ) တွင် ရေစိမ်ချိုးသူ<br>※လောလောဆယ်တွင် မြို့တွင်းရှိ စိမ့်ရေ စိမ်ချိုးသည့်နေရာအားလုံး အခွန် ကင်းလွတ်မှု မူဘောင်တွင် အကျုံးဝင်နေသဖြင့် ကောက်ခံခြင်းမရှိပါ။ |

နေထိုင်သူအခွန်တွင် တစ်သီးပုဂ္ဂလ မြို့တွင်နေထိုင်သူအခွန်နှင့် တစ်သီးပုဂ္ဂလ ခရိုင်တွင်နေထိုင်သူအခွန်များပါဝင်ပြီး ယခင်နှစ်အတွင်း ဝင်ငွေရှိသူအပေါ် ကောက်ခံပါသည်။ ထို ဝင်ငွေပမာဏအလိုက်အခွန်နှုန်းနှင့် တစ်ပြေးညီ အခွန်ပမာဏဖြင့် တန်းတူညီမျှကောက်ခံသည့် တန်းတူညီမျှအခွန်နှုန်းများ ရှိပါသည်။ တစ်သီးပုဂ္ဂလ ခရိုင်တွင်နေထိုင်သူအခွန်မှာ ခရိုင်ခွန် ဖြစ်သော်လည်း တစ်သီးပုဂ္ဂလ မြို့တွင်နေထိုင်သူအခွန်နှင့် ပေါင်းစပ်၍ မြို့အုပ်ချုပ်ရေးအဖွဲ့သို့ အကြောင်းကြားခြင်းနှင့် အခွန်ပေးဆောင်ခြင်းများ ပြုလုပ်ရပါမည်။

### မြို့၏အခွန်များ ပေးဆောင်နည်းနှင့် ပေးဆောင်ရမည့်နေရာ

မြို့အုပ်ချုပ်ရေးရုံး (ငွေစာရင်းဌာန ကောင်တာ) သာမက ခါတိုးမြို့ ပြည်သူ့ဘဏ္ဍာကိုင်တွယ်ဆောက်ရွက်ရေး ငွေကြေးအဖွဲ့အစည်း၊ ကွန်ဗီနီ၊ စမတ်ဖုန်းငွေချေဝန်ဆောင်မှု (အက်ပလီ) ၊ ဒေသန္တရအခွန်ပေးဆောင်ရေး ဘုံစနစ်များဖြင့် ပေးချေရပါမည်။ ထို့အပြင် ပေးဆောင်ရန်အချိန်အလိုက် ငွေကြေးအဖွဲ့အစည်းများသို့ ကိုယ်တိုင်သွားရသည့်အလုပ်မရှုပ်ဘဲ ပေးဆောင်ရန်မေ့လျော့ခြင်းမရှိ၊ သေချာပေါက် ပေးဆောင်နိုင်သည့် ဘဏ်စာရင်းမှ ငွေလွှဲပေးချေနည်းသည်လည်း အဆင်ပြေပါသည်။

မြို့၏အခွန်များ ပေးဆောင်ရန် အချိန်နှင့် ပမာဏစသည့် အသေးစိတ်နှင့်ပတ်သက်၍ အခွန်ရေးရာဌာနခွဲသို့ ဆက်သွယ်ပါ။

ဆက်သွယ်ရန်) ခါတိုးမြို့ အထွေထွေဘဏ္ဍာရေးဌာန အခွန်ရေးရာဌာနခွဲ

ဖုန်း - 0795-43-0396 (မြို့တွင်နေထိုင်သူအခွန်/အင်ဂျင်အသေးစား ကားခွန်)

- 0795-43-0395 (မရွှေ့မပြောင်းနိုင်သည့်ပိုင်ဆိုင်မှုအခွန်/ မြို့စီမံကိန်းအခွန်)

- 0795-43-0397 (ပြည်သူ့ကျန်းမာရေးအာမခံအခွန်) - 0795-43-0398 (အခွန်ပေးဆောင်မှုနှင့်ပတ်သက်၍)

# ၁၀ အာမခံ/ဆေးကုသမှုစနစ်

## ပြည်သူ့ကျန်းမာရေးအာမခံ

ပြည်သူ့ကျန်းမာရေးအာမခံသည် ရောဂါဖြစ်ခြင်း၊ ဒဏ်ရာရခြင်း ဖြစ်ချိန်တွင် စိတ်ချလက်ချဖြင့် ဆေးကုသမှုခံယူနိုင်ရန် အာမခံထားသူများက အသီးသီး ပိုက်ဆံထုတ်၍ အပြန်အလှန်ထောက်ပံ့သည့် စနစ်ဖြစ်သည် (၇၅ နှစ်မှစ၍ သက်ကြီးရွယ်အို ဆေးကုသမှုအာမခံသို့ ပြောင်းလဲပါသည်)။

◆မဖြစ်မနေ အာမခံထားရမည့်သူ

၃လအထက် ဂျပန်နိုင်ငံတွင်းတွင် နေထိုင်ခွင့်ရသူ၊ ပညာသင်ကြားရန် ဂျပန်နိုင်ငံသို့ရောက်လာပြီး ၃ လအထက် နေထိုင်ရန် အစီအစဉ်ရှိသူထဲမှ အလုပ်မှကျန်းမာရေးအာမခံဝင်ထားသူ၊ အခြားအာမခံဝင်ထားသူ၏မှီခိုသူနှင့် နေထိုင်မှုအထောက်အပံ့ ရယူနေသူမှလွဲ၍ ပြည်သူ့ကျန်းမာရေးအာမခံ မဖြစ်မနေဝင်ထားရမည်။ မြို့အုပ်ချုပ်ရေးရုံး မြေညီထပ် အာမခံ ဆေးကုသရေးဌာနခွဲ သို့မဟုတ် လူထုရေးရာတွင် အာမခံထားရန် လုပ်ငန်းစဉ်ကို လုပ်ဆောင်ပါ။

ပြည်သူ့ကျန်းမာရေးအာမခံထားသည့်အခါ ကိုယ်ပိုင်နံပါတ် ကျန်းမာရေးအာမခံကတ် ကိုင်ဆောင်မထားသူအတွက် ပြည်သူ့ကျန်းမာရေးအာမခံ အရည်အချင်းပြည့်မီသူ အတည်ပြုလက်မှတ်ကို ထုတ်ပေးပါသည်။ ပြည်သူ့ကျန်းမာရေးအာမခံ အရည်အချင်းပြည့်မီသူ အတည်ပြုလက်မှတ်သည် ဆေးရုံဆေးခန်းပြသရာတွင် အာမခံထားသူဖြစ်ကြောင်း သက်သေခံ အဖြစ် အရေးပါသည့်အရာဖြစ်သဖြင့် ပျောက်ဆုံး၊ ပျက်စီးခြင်း မရှိစေရန် ဂရုစိုက်ပါ။

ကိုယ်ပိုင်နံပါတ် ကျန်းမာရေးအာမခံကတ်ကို ကိုင်ဆောင်ထားသူသည် ဆေးရုံဆေးခန်းပြသရာတွင် ထိုကောင်တာ၌ ကိုယ်ပိုင်နံပါတ် ကျန်းမာရေးအာမခံကတ်ကို ပြသပါ။

◆အောက်ပါအနေအထားနှင့် ကိုက်ညီပါက ၁၄ ရက်အတွင်း ဝင်ရောက်/နုတ်ထွက်ခြင်း လုပ်ငန်းစဉ်ကိုလုပ်ဆောင်ပါ။

| ဝင်ရောက်ခြင်းလုပ်ငန်းစဉ် လိုအပ်သည့်အချိန် | အကြောင်းကြားရာတွင်လိုအပ်သည့်အရာ |
|---|---|
| ခါတိုးမြို့သို့ ပြောင်းရွှေ့လာချိန် | • ပြောင်းရွှေ့ထွက်ခွာခြင်းအထောက်အထားစာရွက် (ယခင်နေရပ် မြို့ရွာအုပ်ချုပ်ရေးရုံးမှ ထုတ်ပေးသည်)<br>• နေထိုင်ခွင့်ကတ် |
| အလုပ်၏ကျန်းမာရေးအာမခံမှနုတ်ထွက်ချိန်<br>အလုပ်၏ကျန်းမာရေးအာမခံထားသူအား မှီခိုသူအဖြစ်မှရပ်စဲချိန် | • ကျန်းမာရေးအာမခံစွန့်လွှတ်ခြင်းအထောက်အထားစာရွက် (အလုပ်မှထုတ်ပေးသည်)<br>• နေထိုင်ခွင့်ကတ် |
| နေထိုင်မှုအထောက်အပံ့ ရယူခြင်းမရှိတော့ချိန် | • နေထိုင်မှုအထောက်အပံ့ရပ်ဆိုင်းခြင်းဆုံးဖြတ်ချက် အကြောင်းကြားစာ<br>• နေထိုင်ခွင့်ကတ် |
| ရင်သွေးမွေးဖွားချိန် | • မိခင်ကလေးမှတ်တမ်း<br>• အုပ်ထိန်းသူ၏ နေထိုင်ခွင့်ကတ် |

| နုတ်ထွက်ခြင်းလုပ်ငန်းစဉ် လိုအပ်သည့်အချိန် | အကြောင်းကြားရာတွင်လိုအပ်သည့်အရာ |
|---|---|
| ခါတိုးမြို့မှ ပြောင်းရွှေ့ထွက်ခွာချိန် | • ပြည်သူ့ကျန်းမာရေးအာမခံ အရည်အချင်းပြည့်မီသူ အတည်ပြုလက်မှတ်<br>• နေထိုင်ခွင့်ကတ် |
| အလုပ်၏ ကျန်းမာရေးအာမခံ ဝင်ရောက်ချိန်<br>အလုပ်၏ကျန်းမာရေးအာမခံထားသူအား မှီခိုသူဖြစ်ချိန် | • အလုပ်၏အာမခံ အရည်အချင်းပြည့်မီသူအတည်ပြုလက်မှတ် (သို့) အရည်အချင်းပြည့်မီမှုအချက်အလက် အကြောင်းကြားစာ<br>• ပြည်သူ့ ကျန်းမာရေးအာမခံ အရည်အချင်းပြည့်မီသူ အတည်ပြုလက်မှတ်<br>• နေထိုင်ခွင့်ကတ် |
| ပြည်သူ့ကျန်းမာရေးအာမခံထားသူ သေဆုံးချိန် | • ပြည်သူ့ ကျန်းမာရေးအာမခံ အရည်အချင်းပြည့်မီသူ အတည်ပြု လက်မှတ်<br>• နေထိုင်ခွင့်ကတ် |
| နေထိုင်မှုအထောက်အပံ့ စတင်ရယူချိန် | • နေထိုင်မှုအထောက်အပံ့စတင်ခြင်းအသိပေးစာ<br>• ပြည်သူ့ ကျန်းမာရေးအာမခံ အရည်အချင်းပြည့်မီသူ အတည်ပြုလက်မှတ်<br>• နေထိုင်ခွင့်ကတ် |

◆ထောက်ပံ့ကြေးနှင့်ပတ်သက်၍
ဆေးကုသရေးဌာနကောင်တာတွင် ပြည်သူ့ကျန်းမာရေးအာမခံ အရည်အချင်းပြည့်မီသူ အတည်ပြုလက်မှတ် (သို့) ကိုယ်ပိုင်နံပါတ် ကျန်းမာရေးအာမခံကတ်ကို ပြသပါက ကုသမှုအတွက်ကုန်ကျငွေ၏ ၂၀ (သို့) ၃၀ ရာခိုင်နှုန်းသာ မိမိက ပေးချေရုံဖြင့် ကုသမှုခံယူနိုင်ပါသည်။ ထို့အပြင် ဆေးကုသမှု ကုန်ကျစရိတ်၊ ပမာဏများပြားသော ဆေးကုသမှု ကုန်ကျစရိတ်၊ မီးဖွားမှုနှင့် ရင်သွေးပြုစုပျိုးထောင်မှု တစ်လုံးတစ်ခဲတည်းထုတ်ပေးငွေ၊ အသုဘစရိတ်ပေးချေမှုစသည့် ထောက်ပံ့ကြေးစနစ်များ ရှိပါသည်။

◆ပြည်သူ့ကျန်းမာရေးအာမခံအခွန်နှင့် ပေးဆောင်မှုနှင့်ပတ်သက်၍
ပြည်သူ့ကျန်းမာရေးအာမခံအခွန်သည် ဝင်ငွေနှင့် အာမခံထားသူအရေအတွက်များအပေါ်မူတည်၍ ကွဲပြားပါသည်။ အခွန်ပေးဆောင်မှုအကြောင်းကြားစာ (တစ်နှစ်စာ ၈ကြိမ်ခွဲပေးဆောင်ခြင်း) ရရှိပါက မြို့အုပ်ချုပ်ရေးရုံး (ငွေစာရင်းဌာန ကောင်တာ) သာမက၊ ခါတိုးမြို့ ပြည်သူ့ဘဏ္ဍာများကိုင်တွယ်ဆောင်ရွက်သည့် ငွေကြေးအဖွဲ့အစည်း၊ ကွန်ဗီနီ၊ စမတ်ဖုန်း ငွေပေးချေရေးဝန်ဆောင်မှု (အက်ပလီ) စသည်များဖြင့် ပေးဆောင်နိုင်ပါသည်။ ထို့အပြင် ပေးဆောင်ရန်ကာလအလိုက် ငွေကြေးအဖွဲ့အစည်းများသို့ ကိုယ်တိုင်သွားရသည့်အလုပ်မရှုပ်ဘဲ ပေးဆောင်ရန်မေ့လျော့ခြင်းမရှိ၊ သေချာပေါက် ပေးဆောင်နိုင်သည့် ဘဏ်စာရင်းမှ ငွေလွှဲပေးချေနည်းသည်လည်း အဆင်ပြေပါသည်။
အလုပ်အာမခံဝင်ထားပြီး အလုပ်လုပ်သည့်ကုမ္ပဏီဆိုင်ရာ အကြောင်းရင်း (ကုမ္ပဏီဖျက်သိမ်းခြင်း၊ အလုပ်ထုတ် ခံရခြင်း) ကြောင့်အလုပ်လက်မဲ့ဖြစ်သည့်အခါနှင့် သတ်မှတ်ချက်အကျုံးဝင်အကြောင်းရင်းကြောင့် မိမိဖာသာ အလုပ်ထွက်သည့်အခါ များတွင် ပြည်သူ့ကျန်းမာရေးအာမခံအခွန်ကို လျှော့ပေါ့ပေးသည့်စနစ် ရှိပါသည်။ သို့ရာတွင် အိမ်ထောင်စုဝင် အားလုံး၏ ဝင်ငွေကို အကြောင်းကြားရန်လိုအပ်ပါသည်။
ပြည်သူ့ကျန်းမာရေးအာမခံဝင်ထားသူ ရင်သွေးမွေးဖွားချိန်တွင် ပြည်သူ့ကျန်းမာရေးအာမခံအခွန် ကင်းလွတ်ခွင့်ပေးသည့် စနစ် ရှိပါသည်။ အသေးစိတ်ကို မြို့အုပ်ချုပ်ရေးရုံး မြေညီထပ်ရှိ အာမခံဆေးကုသမှုဌာနခွဲတွင် မေးမြန်းပါ။

ဆက်သွယ်ရန်) ခါတိုးမြို့ လူထုပူးပေါင်းဆောင်ရွက်ရေးဌာန အာမခံဆေးကုသမှုဌာနခွဲ
ဖုန်း - 0795-43-0500 (ဝင်ရောက်ခြင်း/နုတ်ထွက်ခြင်း/ထောက်ပံ့ကြေး)
ခါတိုးမြို့ အထွေထွေဘဏ္ဍာရေးဌာန အခွန်ရေးရာဌာနခွဲ
ဖုန်း - 0795-43-0398 (ပြည်သူ့ကျန်းမာရေးအာမခံအခွန် ပေးဆောင်ခြင်း)

**သက်ကြီးရွယ်အိုဆေးကုသမှုစနစ်**
သက်ကြီးရွယ်အိုဆေးကုသမှုစနစ်သည် ၇၅နှစ်နှင့်အထက်ဖြစ်သူ၊ ၆၅နှစ်နှင့်အထက်ဖြစ်ပြီး မသန်စွမ်းမှုရှိသည်ကို အကြောင်းကြား၍ အသိအမှတ်ပြုခံရသူများနှင့် အကျုံးဝင်သည့် အစိုးရကျန်းမာရေးအာမခံ စနစ်ဖြစ်သည်။
ရောဂါဖြစ်ခြင်း၊ ဒဏ်ရာရခြင်း ဖြစ်ချိန်တွင် စိတ်ချလက်ချဆေးကုသမှုခံယူနိုင်ရန် အာမခံထားသူများက အသီးသီး ပိုက်ဆံထုတ်၍ အပြန်အလှန်ထောက်ပံ့သည့် စနစ်ဖြစ်သည်။

◆အကျုံးဝင်သူ
အောက်ပါ တစ်ချက်ချက်နှင့် ကိုက်ညီသူသည် သက်ကြီးရွယ်အိုဆေးကုသမှုစနစ်တွင် အကျုံးဝင်သည်။
(၁) ၇၅နှစ်နှင့်အထက်ဖြစ်သူ
(၂) ၆၅နှစ်မှ ၇၄နှစ်အထိဖြစ်ပြီး၊ မသန်စွမ်းမှုရှိကာ၊ သက်ဆိုင်ရာသို့အကြောင်းကြား၍ အသိအမှတ်ပြုခံရသူ
သို့ရာတွင် အောက်ပါ တစ်ချက်ချက်နှင့် ကိုက်ညီသူမှာ ဝင်ရောက်ခြင်းမပြုနိုင်ပါ။
(၁) ခါတိုးမြို့တွင် နေထိုင်သူစာရင်းမဝင်သူ
(၂) လူနေမှုအထောက်အပံ့ခံယူနေသူ
(၃) တရုတ်နိုင်ငံတွင် ကျန်ရစ်သည့်ဂျပန်လူမျိုးများအတွက် ထောက်ပံ့ကြေးခံယူနေသူ

◆ရရှိနိုင်သည့် ထောက်ပံ့ကြေး

သက်ကြီးရွယ်အိုဆေးကုသမှုစနစ်တွင် ဝင်ထားပါက ကိုယ်ပိုင်နံပါတ် ကျန်းမာရေးအာမခံကတ် ကိုင်ဆောင် မထားသူအတွက် ပြည်သူ့ကျန်းမာရေးအာမခံ အရည်အချင်းပြည့်မီသူအတည်ပြုလက်မှတ် ထုတ်ပေးပါသည်။ (သို့ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်အထိမှာမူ ကိုင်ပိုင်နံပါတ် ကျန်းမာရေးအာမခံကတ်ပြား သုံးစွဲမှုမှတ်ပုံတင်ခြင်း ရှိ/မရှိနှင့် မသက်ဆိုင်ဘဲ အရည်အချင်းပြည့်မီသူအတည်ပြုလက်မှတ်ကို ထုတ်ပေးပါသည်)။

ဆေးကုသရေးဌာနကောင်တာတွင် အရည်အချင်းပြည့်မီသူ အတည်ပြုလက်မှတ် (သို့) ကိုယ်ပိုင်နံပါတ် ကျန်းမာရေးအာမခံကတ်ကို ပြသပါက ကုသမှုအတွက်ကျသင့်ငွေ၏ ၁၀ (သို့) ၃၀ ရာခိုင်နှုန်းသာ မိမိကပေးချေရုံဖြင့် ကုသမှုခံယူနိုင်ပါသည် (ဆေးရုံတက်နေချိန် စားစရိတ် စသည်များမှာ သီးခြားကုန်ကျပါမည်)။

ထို့အပြင် တစ်လတာ ပေးချေခဲ့သော ဆေးကုသရေးစရိတ်က သတ်မှတ်ထားသောပမာဏထက် ကျော်လွန်သည့်အခါ လျှောက်ထားခြင်းအားဖြင့် ကျော်လွန်သည့်ပမာဏကို ပြန်ရသည့်စနစ် စသည်များလည်းရှိပါသည်။

◆အာမခံကြေး

သက်ကြီးရွယ်အိုဆေးကုသမှုစနစ်တွင် ဝင်ထားပါက အာမခံကြေးပေးဆောင်ရပါမည်။ အာမခံကြေးပမာဏကို ဝင်ငွေအပေါ် မူတည်၍ ဆုံးဖြတ်ပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့ လူထုပူးပေါင်းဆောင်ရွက်ရေးဌာန အာမခံဆေးကုသမှုဌာနခွဲ
ဖုန်း - 0795-43-0501

**လူမှုဖူလုံရေးဆေးကုသမှုစနစ်**

ဆေးကုသရေးဌာနတွင်ပြသသည့်အခါ ကိုယ်တိုင်ကုန်ကျမည့်ဆေးကုသမှုစရိတ် လျှော့ချနိုင်သည့် စနစ်ဖြစ်သည်။

သို့ရာတွင် နိုင်ငံ၊ ခရိုင်များ၏ကျန်းမာရေးစနစ်များက ဦးစားပေးဖြစ်သည့်အခါတွင် လူမှုဖူလုံရေးဆေးကုသမှုစရိတ် ထောက်ပံ့ခြင်းနှင့် အကျုံးမဝင်ပါ။

◆သက်ကြီးရွယ်အိုဖြစ်လာမည့်သူဆေးကုသစရိတ်ထောက်ပံ့ရေးစနစ်

၆၅ မှ ၆၉ နှစ်အောက်ဖြစ်ပြီး ဝင်ငွေကန့်သတ်ချက်စံညွှန်းနှင့် ကိုက်ညီသူများအကျုံးဝင်သည့် အာမခံဖြင့် ကုသမှုတွင် ကိုယ်တိုင်ကုန်ကျသောစရိတ် အချို့ကို ထောက်ပံ့ပေးသည့်စနစ်ဖြစ်သည်။

**◆နို့စို့ကလေးဆေးကုသစရိတ်ထောက်ပံ့ရေးစနစ်/ ကလေးဆေးကုသစရိတ်ဆေးကုသစရိတ် ထောက်ပံ့ရေးစနစ်**

အသက် ၁ နှစ်မပြည့်ခင်မှ ဘဏ္ဍာရေးနှစ်ကုန်ချိန်ထိ ၁၈ နှစ်အရွယ် ကလေးအားလုံးအတွက် အာမခံဖြင့်ကုသမှု၏ ကိုယ်တိုင်ကုန်ကျသော စရိတ်ကို အပြည့်အဝ ထောက်ပံ့ရေး စနစ်ဖြစ်သည်။

◆ပြင်းထန်သည့် (ကိုယ်ခန္ဓာ/စိတ်ပိုင်းဆိုင်ရာ) မသန်စွမ်းသူ ဆေးကုသစရိတ်ထောက်ပံ့ရေးစနစ်/သက်ကြီးရွယ်အို ပြင်းထန်သည့် (ကိုယ်ခန္ဓာ/စိတ်ပိုင်းဆိုင်ရာ) မသန်စွမ်းသူ ဆေးကုသစရိတ်ထောက်ပံ့ရေးစနစ်

ကိုယ်ခန္ဓာမသန်စွမ်းသူစာအုပ် အဆင့် ၁ နှင့် အဆင့် ၂ ကိုင်ဆောင်သူ၊ နာလန်ထူရေးကုသမှုစာအုပ် A အဆင့် အသိအမှတ်ပြုခံရသူ၊ စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူ အာမခံလူမှုဖူလုံရေးစာအုပ် အဆင့် ၁ ကိုင်ဆောင်သူဖြစ်ပြီး ဝင်ငွေကန့်သတ်ချက်စံညွှန်းနှင့် ကိုက်ညီသူများအကျုံးဝင်သည့် အာမခံဖြင့်ဆေးကုသမှု ကိုယ်တိုင်ကုန်ကျစရိတ် တစ်စိတ်တစ်ဒေသ ထောက်ပံ့ခြင်းစနစ်ဖြစ်သည်။

◆မိဘတစ်ဦးတည်းမိသားစု စသူများ ဆေးကုသစရိတ်ထောက်ပံ့ရေးစနစ်

၁၈နှစ်ပြည့်သည့် ဘဏ္ဍာရေးနှစ်ကုန်ချိန်အထိ ကလေးကို အုပ်ထိန်းသူ မိဘတစ်ဦးတည်းမိသားစုမှ မိခင်/ဖခင်နှင့် ကလေးတို့ဖြစ်ပြီး ဝင်ငွေကန့်သတ်ချက်စံညွှန်းနှင့် ကိုက်ညီသူများအကျုံးဝင်သော အာမခံဖြင့်ဆေးကုသမှု ကိုယ်တိုင်ကုန်ကျစရိတ် တစ်စိတ်တစ်ဒေသ ထောက်ပံ့ခြင်းစနစ်ဖြစ်သည်။

ဆက်သွယ်ရန်) ခါတိုးမြို့ လူထုပူးပေါင်းဆောင်ရွက်ရေးဌာန အာမခံဆေးကုသမှုဌာနခွဲ
ဖုန်း - 0795-43-0501

## ၁၁ အမျိုးသားပင်စင်

ဂျပန်တွင်နေထိုင်သည့် အသက် ၂၀ နှင့်အထက် အသက် ၆၀ မပြည့်သေးသူဖြစ်ပါက နိုင်ငံခြားသားများအပါအဝင် အမျိုးသားပင်စင် ဝင်ရမည်ဖြစ်ပြီး အာမခံကြေးပေးဆောင်ရန် ဥပဒေဖြင့် တာဝန်ပြဋ္ဌာန်းထားပါသည်။

အမျိုးသားပင်စင်တွင် သက်ကြီးပင်စင်အပြင် မတော်တဆမှုကြုံရချိန်တွင် ထုတ်ပေးသည့် မသန်စွမ်းမှုပင်စင်နှင့် မိသားစု ပင်စင်များရှိပါသည်။

### ပါဝင်မည်ဆိုလျှင်

မြို့အုပ်ချုပ်ရေးရုံး မြေညီထပ်ကောင်တာ (လူထုရေးရာဌာနခွဲ (သို့) အာမခံဆေးကုသမှုဌာနခွဲ)သို့ အကြောင်းကြားပါ။ လုပ်ကိုင်နေသည့် ကုမ္ပဏီတွင် လူမှုဖူလုံရေးပင်စင်၊ အပြန်အလှန်ကူညီရေးအသင်းတို့တွင် ပါဝင်ထားပြီးသူများ ဤပင်စင် ဝင်ရန်မလိုအပ်ပါ။

◆အာမခံကြေး

အမျိုးသားပင်စင် ဝင်ထားပါက အာမခံကြေး ပေးချေရမည်ဖြစ်သည်။ လစဉ်ပေးချေနည်းနှင့် ကြိုတင်ပေးချေခြင်း အပြင် ဘဏ်စာရင်းမှ ငွေလွှဲပေးချေခြင်းနည်းလမ်းများ ရှိပါသည်။

သို့ရာတွင် ဝင်ငွေနည်းခြင်း၊ ရောဂါကြောင့်အလုပ်မလုပ်နိုင်ခြင်း၊ အလုပ်လက်မဲ့ဖြစ်နေခြင်းစသည့် အကြောင်းရင်း များကြောင့် အာမခံကြေးပေးချေရန် ခက်ခဲနေသူအတွက် ပေးချေမှု ကင်းလွတ်ခွင့်ပြုခြင်း (သို့) ဆိုင်းငံ့ခွင့်ပြုခြင်း စနစ်များ လည်း ရှိပါသည်။

◆ပင်စင်ထုတ်ပေးခြင်း

အမျိုးသားပင်စင်ကို သတ်မှတ်အသက်ပြည့်ချိန် (သို့) မသန်စွမ်းသူဖြစ်လာချိန်စသည့်အချိန်များတွင် ထုတ်ပေး ပါသည်။ ပင်စင်ငွေခံစားသည့်အခါ လက်ခံမှုဆိုင်ရာ အသေးစိတ်ကန့်သတ်ချက်များချမှတ်ထားခြင်း ရှိတတ်ပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့ လူထုပူးပေါင်းဆောင်ရွက်ရေးဌာန အာမခံဆေးကုသမှုဌာနခွဲ
ဖုန်း - 0795-43-0501

◆နုတ်ထွက်ချိန်တစ်လုံးတစ်ခဲတည်းထုတ်ပေးငွေ

အမျိုးသားပင်စင်နှင့် လူမှုဖူလုံရေးပင်စင်တွင် နုတ်ထွက်ချိန်တစ်လုံးတစ်ခဲတည်းငွေ ထုတ်ပေးသည့်စနစ် ရှိသည်။

ဤသည်မှာ ဂျပန်၌နေထိုင်ချိန်အတွင်းနိုင်ငံခြားသားက အာမခံကြေးကို ၆ လကျော်ပေးချေခဲ့သည့်အခါ မိခင်နိုင်ငံသို့ ပြန်ပြီးနောက် ၂ နှစ်အတွင်း သတ်မှတ်ထားသည့်လုပ်ငန်းစဉ်အရ တောင်းဆိုပါက အာမခံကြေးပေးချေထားသည့် "လ" အရေအတွက်အလိုက် နုတ်ထွက်ချိန်တစ်လုံးတစ်ခဲတည်းထုတ်ပေးငွေကို ထုတ်ပေးသည့်စနစ် ဖြစ်ပါသည်။

ဆက်သွယ်ရန်) အာကာ့ရှိ ပင်စင်ရုံး (တိုင်ပင်ဆွေးနွေးရေးအခန်း)
ဖုန်း - 078-912-4983

## ၁၂ ကျန်းမာရေး

### ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ ရင်သွေးပြုစုပျိုးထောင်ခြင်း

ကိုယ်ဝန်ဆောင်ရန်ဆန္ဒရှိသူအတွက် သားပျက်သားလျှောရောဂါဆိုင်ရာ ဆေးကုသစရိတ် ထောက်ပံ့မှုရှိပါသည်။

ကိုယ်ဝန်ရှိလျှင် ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးမှုစရိတ်ထောက်ပံ့မှုနှင့် ယန်း ၅ သောင်း ထောက်ပံ့ကြေး ရှိပါသည်။

မီးဖွားလျှင် မီးနေသည်ကျန်းမာရေးစစ်ဆေးမှု စရိတ်ထောက်ပံ့မှုနှင့် မီးဖွားပြီးချိန်စောင့်ရှောက်မှု စရိတ်ထောက်ပံ့မှုများ ရှိပါသည်။

ကလေးမွေးဖွားလာလျှင် မွေးကင်းစကလေး အာရုံခံစွမ်းရည်ဆိုင်ရာစစ်ဆေးမှုစရိတ် ထောက်ပံ့မှု၊ ၁ လသားကလေး ကျန်းမာရေးစစ်ဆေးမှု စရိတ်ထောက်ပံ့မှုနှင့် ယန်း ၅ သောင်း ထောက်ပံ့ကြေး ရှိပါသည်။

နို့စို့အရွယ်ကလေးနှင့် ကလေးများအတွက် ကျန်းမာရေးစစ်ဆေးမှု ရှိပါသည်။

ရင်သွေးပြုစုပျိုးထောင်မှုနှင့်ပတ်သက်၍ အခက်အခဲတွေ့ချိန်တွင် ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့ ရင်သွေးပြုစုစောင့်ရှောက်ရေး စမိုင်းလုစဲန်းတာ (ကျန်းမာရေးဌာနခွဲ)
ဖုန်း - 0795-43-0432

### ကာကွယ်ဆေးထိုးခြင်း

မိခင်ကလေးမှတ်တမ်းနှင့် ကာကွယ်ဆေးဆိုင်ရာ မေးမြန်းချက်ပုံစံရှိထားလျှင် ပုံမှန်ကာကွယ်ဆေးထိုးခြင်းသည် အခမဲ့ ဖြစ်ပါသည်။

ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ စာရွက်စာတမ်း (ကာကွယ်ဆေးဆိုင်ရာ မေးမြန်းချက်ပုံစံနှင့် ကာကွယ်ဆေးထိုးခြင်း ဆိုင်ရာ ရှင်းလင်းချက် စသည်များ) ကို မွေးစာရင်းတင်သွင်းချိန်တွင် မြို့အုပ်ချုပ်ရေးရုံး မြေညီထပ်ရှိ လူထုရေးရာ ဌာနခွဲတွင် ရနိုင်ပါသည်။

ပြောင်းရွှေ့ရောက်ရှိလာသည့်အခါတွင် ကျန်းမာရေးဌာနခွဲ၌ ရနိုင်ပါသည်။ ကာကွယ်ဆေးထိုးခြင်း ရာဇဝင်ကို အတည်ပြုနိုင်သည့်စာရွက်စာတမ်း (မိခင်ကလေးမှတ်တမ်းစသည်) ကို ယူဆောင်လာပါ။

ဆေးထိုးသည့်ကာလနှင့် ဆေးထိုးရန် ခြားထားရမည့်ကာလစသည်များကို သတင်းစာစောင်နှင့် အင်တာနက်စာမျက်နှာ စသည်များဖြင့် အသိပေးနေပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန ကျန်းမာရေးဌာနခွဲ
ဖုန်း - 0795-43-0435

### ကျန်းမာရေးစစ်ဆေးမှု

အသက် ၂၀ နှင့်အထက် ကျန်းမာရေးစစ်ဆေးမှုမှာ အခြေခံကျန်းမာရေးစစ်ဆေးမှု (သွေးပေါင်ချိန်ခြင်း၊ ကိုယ်ခန္ဓာ တိုင်းထွာခြင်း၊ ဆီးစစ်ခြင်း၊ သွေးစစ်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း)၊ ကင်ဆာစစ်ဆေးမှု (အစာအိမ်၊ အဆုတ်၊ အူမကြီး၊ ဆီးကြိတ်၊ သားအိမ်၊ ရင်သား ကင်ဆာများ)၊ သွားဖုံးရောဂါစစ်ဆေးမှုများကို လုပ်ဆောင်နေပါသည်။

စစ်ဆေးမှုကုန်ကျစရိတ်မှာ ကျန်းမာရေးအာမခံအမျိုးအစားအလိုက် ကွဲပြားပါသည်။

အသေးစိတ်ကို အင်တာနက်စာမျက်နှာစသည်များတွင် အသိပေးနေပါသည်။

### ကျန်းမာရေး တိုင်ပင်ဆွေးနွေးမှု

စိတ်ပိုင်း၊ ကိုယ်ခန္ဓာပိုင်းနှင့် ကျန်းမာရေးလိုက်စားမှုဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

ဆွေးနွေးမှုကို ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်၊ အာဟာရပညာရှင်များက အကြံပေးနေပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန ကျန်းမာရေးဌာနခွဲ
ဖုန်း - 0795-42-2800

## ၁၃ ကလေးထိန်းကျောင်းမှု၊ ကလေးသူငယ်၊ ရင်သွေးပြုစုပျိုးထောင်မှု

### ကလေးထိန်းဌာန/ အသိအမှတ်ပြုကလေးဂေဟာ (ခိုဒိုးမိုးအဲန်း) (ကလေးထိန်းရန်အသုံးပြုခြင်း)

မြို့တွင်းတွင် ကလေးထိန်းဌာန ၂ ခုနှင့်အသိအမှတ်ပြုကလေးဂေဟာ ၁၁ နေရာရှိပါသည်။ အုပ်ထိန်းသူ အလုပ်လုပ်နေခြင်းစသည့်အကြောင်းများကြောင့် နေ့အချိန်နေအိမ်၌မထိန်းကျောင်းနိုင်သည့် ကလေးများအတွက် အသုံးပြုနိုင်ပါသည်။

◆ကလေးထိန်းဌာန/ အသိအမှတ်ပြုကလေးဂေဟာ (ကလေးထိန်းရန်အသုံးပြုခြင်း) တွင်အပ်နှံခြင်းနှင့်ပတ်သက်၍

(၁) ကလေးထိန်းဌာန/ အသိအမှတ်ပြုကလေးဂေဟာ (ကလေးထိန်းရန်အသုံးပြုခြင်း) တွင်တက်ရောက်နိုင်သူမှာ အကြမ်းအားဖြင့် ၃ လသားမှ မူလတန်းမတက်ခင်အထိ ကလေးငယ်ဖြစ်သည်။

(၂) ပညာသင်နှစ်အစတွင် လူသစ်လက်ခံမှုကြော်ငြာကို သတင်းစာစောင်၊ Cable TV စသည်များမှ အသိပေးပါမည် (စက်တင်ဘာလမှ အောက်တိုဘာလ ဝန်းကျင်)။

(၃) ပညာသင်နှစ် ကြားကာလတွင်လည်း သတ်မှတ်ပမာဏတွင် နေရာလစ်လပ်ပါက အပ်နှံနိုင်ပါသည်။

### မူကြိုကျောင်း/ အသိအမှတ်ပြုကလေးဂေဟာ (ပညာရေးအတွက်အသုံးပြုခြင်း)

မြို့တွင်းတွင် ၃ နှစ်မှ ၅ နှစ်အရွယ်အတွက် မူကြိုကျောင်း ၁ ကျောင်းနှင့် အသိအမှတ်ပြုကလေးဂေဟာ ၁၁ နေရာရှိပါသည်။ မူကြိုကျောင်း/ အသိအမှတ်ပြုကလေးဂေဟာ (ပညာရေးအတွက်အသုံးပြုခြင်း) တွင် အပ်နှံလိုပါက အလုပ်လုပ်ကိုင်မှုစသည့် ကန့်သတ်ချက် မရှိပါ။

(၁) ပညာသင်နှစ်အစတွင် လူသစ်လက်ခံမှုကြော်ငြာကို သတင်းအချက်အလက်ထုတ်ပြန်မှု၊ Cable TV စသည်များ မှ အသိပေးပါမည် (စက်တင်ဘာလမှ အောက်တိုဘာလ ဝန်းကျင်)။

(၂) လျှောက်ထားမှုက သတ်မှတ်ပမာဏ ကျော်လွန်နေပါက မဲနှိုက်ခြင်းစသည့်နည်းလမ်းဖြင့် ဆုံးဖြတ်ပါသည်။

(၃) ပညာသင်နှစ် ကြားကာလတွင်လည်း သတ်မှတ်ပမာဏတွင် လစ်လပ်မှုရှိပါက အပ်နှံနိုင်ပါသည်။

### ကျောင်းဆင်းချိန် စောင့်ရှောက်ရေးနေရာ (After School)

မြို့တွင်းတွင် ကျောင်းဆင်းချိန် စောင့်ရှောက်ရေးနေရာ ၄ ခု ရှိပါသည်။

မြို့တွင်းရှိ မူလတန်းကျောင်း/မသင်မနေရပညာသင်ကျောင်း (သို့) အထူးထောက်ပံ့ရေးကျောင်းများ၏ မူလတန်းအဆင့် တက်ရောက်နေသည့်ကလေးများ ကျောင်းဆင်းချိန်တွင်အသုံးပြုနိုင်သည့်နေရာဖြစ်ပါသည်။ အုပ်ထိန်းသူ (သို့) အတူနေမိသားစုများ အလုပ်လုပ်ခြင်း စသည့်အကြောင်းများကြောင့် ကျောင်းဆင်းပြီးချိန် မိသားစုက ထိန်းကျောင်းမှုမပေးနိုင်သည့် ကလေးများအသုံးပြုနိုင်ပါသည်။

◆ဖွင့်လှစ်ချိန်

- တနင်္လာမှ သောကြာနေ့အထိ - ကျောင်း၌ပညာသင်ကြားမှု ပြီးဆုံးသည့်အချိန်မှ 18:30 အထိ
- ရက်ရှည်ပိတ်ရက်၊ အစားထိုး ကျောင်းပိတ်ရက် - 7:30 - 18:30 အထိ

### ဂျီဒိုးခန် (ကလေးများခန်းမ)

ဂျီဒိုးခန်သည် အသက် ၁ နှစ်အောက်မှ ၁၈ နှစ်အောက်အထိကလေးနှင့် ၎င်းတို့၏အုပ်ထိန်းသူများ လွတ်လပ်စွာ အသုံးပြုနိုင်သောနေရာ ဖြစ်ပါသည်။ အဆောက်အအုံအတွင်းအပြင်တွင် ကစားစရာပစ္စည်းများရှိပြီး မိသားစု အတူဆော့ကစားနိုင်ပါသည်။ ရုပ်ပုံစာအုပ်ဖတ်ပြခြင်း၊ ၁ နှစ်အောက်ကလေးများ လုပ်ဆောင်နိုင်သည့်ကစားနည်း၊ မိဘနှင့် ကလေး ထိတွေ့လုပ်ဆောင်နိုင်သည့်ကစားနည်း၊ ဂျပန်၏ရာသီအလိုက် ပွဲလမ်းစသည်များကို ကျင်းပနေပါသည်။

| နေရာအမည် | လိပ်စာ | ဖုန်းနံပါတ် |
|---|---|---|
| ယာရှိရိုး ဂျီဒိုးခန် "ယာရှိရိုး ခိုဒိုးမိုးနို အီအဲ" | Kato-shi Higashi Gose 477-1 | 0795-42-8543 |
| တာခီနို ဂျီဒိုးခန် (ခိလာလာ) | Kato-shi Kamitakino　1369-2 | 0795-48-0765 |
| တိုးဂျော ခိုးအိခိုးအိလန်းဒို | Kato-shi Minamiyama 1-4-2 | 0795-20-6245 |

ပိတ်ရက် - တနင်္လာနေ့၊ နှစ်ကုန်နှစ်သစ်ကူး (12/28 မှ 1/3) နေရာအားလုံး ပိတ်ရက်၊ တာခီနိုဂျီဒိုးခန် ခိလာလာ နှင့် တိုးဂျော ခိုးအိခိုးအိလန်းဒိုမှာ အများပြည်သူအားလပ်ရက် (ထိုရက်သည် တနင်္လာနေ့ဖြစ်ပါက အင်္ဂါနေ့) တွင်လည်း ပိတ်ပါသည်။

ဖွင့်ချိန် - 9:00 - 17:00

ဆက်သွယ်ရန်) ခါတိုးမြို့ ပညာရေးကောင်စီ စီမံခန့်ခွဲရေးရုံး ကလေးများ၏အနာဂတ်ဌာန ကလေးပညာရေးဌာနခွဲ

ဖုန်း - 0795-43-0546

**ရင်သွေးပြုစုစောင့်ရှောက်ရေး စမိုင်းလုစဲန်းတာ**

ကိုယ်ဝန်ဆောင်/မီးဖွား/ရင်သွေးပြုစုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ တိုင်ပင်ရေးကောင်တာဖြစ်ပါသည်။

တိုင်ပင်မှုကို ကျန်းမာရေးစောင့်ရှောက်ရေးဝန်ထမ်း၊ ကလေးရှိသည့်အိမ်ထောင်စုထောက်ပံ့ရေးဝန်ထမ်းများက လက်ခံကြားနာပါမည်။

ကိုယ်ဝန်ဆောင်ကာလမှစ၍ ရင်သွေးပြုစုစောင့်ရှောက်ချိန်အထိ အားလုံးသော ကိုယ်ဝန်ဆောင်မိခင်၊ ကလေးငယ်၊ ရင်သွေးပြုစု စောင့်ရှောက်နေသည့်အိမ်ထောင်စုများကို ဖေးမကူညီသွားပါမည်။

ဆက်သွယ်ရန်) ခါတိုးမြို့ရင်သွေးပြုစုစောင့်ရှောက်ရေး စမိုင်းလုစဲန်းတာ (ကျန်းမာရေးဌာနခွဲ)
ဖုန်း - 0795-43-0432 (ကိုယ်ဝန်ဆောင်/မီးဖွား/ရင်သွေးပြုစုစောင့်ရှောက်ရေးတိုင်ပင်မှု)
ခါတိုးမြို့ရင်သွေးပြုစုစောင့်ရှောက်ရေး စမိုင်းလုစဲန်းတာ (လူမှုဖူလုံရေးအထွေထွေစီမံရေးဌာနခွဲ)
ဖုန်း - 0795-43-0441 (ရင်သွေးပြုစုစောင့်ရှောက်ရေးအခက်အခဲ/သွန်သင်ရေးတိုင်ပင်မှု)

**ကလေးထောက်ပံ့ကြေး**

မွေးဖွားချိန်မှ အထက်တန်းအရွယ်အထိ (၁၈ နှစ်ပြည့်မွေးနေ့နောက် ပထမဦးဆုံး မတ်လ ၃၁ရက်နေ့ အထိ) ပြည်တွင်းတွင်နေထိုင်နေသည့် ကလေးကို ထိန်းကျောင်းနေသူအား ထုတ်ပေးသည့်ထောက်ပံ့ငွေ ဖြစ်သည်။

ထောက်ပံ့ငွေပမာဏနှင့် ပတ်သက်၍ ကလေးတစ်ဦးလျှင် တစ်လပမာဏမှာ အောက်ပါအတိုင်းဖြစ်သည်။

- မွေးဖွားပြီးနောက်မှ ၃ နှစ်အောက်အထိမှာ ယန်း ၁၅,၀၀၀ (ပထမကလေး/ဒုတိယကလေး)
- ၃ နှစ်မှ အထက်တန်းအရွယ်အထိမှာ ယန်း ၁၀,၀၀၀ (ပထမကလေး / ဒုတိယကလေး)
- တတိယ ကလေးမှစ၍ (※) မှာ ယန်း ၃၀,၀၀၀ (တစ်ပြေးညီ)

※"တတိယကလေးမှစ၍" ဟူသည်မှာ ထောက်ပံ့ငွေလက်ခံသူထိန်းကျောင်းနေသော အသက် ၂၂ နှစ် အထိအတွင်း (၂၂ နှစ် ပြည့်မွေးနေ့နောက် ပထမဦးဆုံး မတ်လ ၃၁ရက်နေ့အထိ) ကလေး ၃ ယောက်အထက်ရှိပါက တတိယမြောက်နှင့် နောက်ပိုင်းကလေးများ။

ဆက်သွယ်ရန်) ခါတိုးမြို့ရင်သွေးပြုစုစောင့်ရှောက်ရေး စမိုင်းလုစဲန်းတာ (လူမှုဖူလုံရေးအထွေထွေစီမံရေးဌာနခွဲ)
ဖုန်း - 0795-43-0408

**ကလေးမှီခိုသူဆိုင်ရာ အထူးထောက်ပံ့ကြေး**

အသက် ၂၀ နှစ်အောက်ဖြစ်ပြီး ကိုယ်ခန္ဓာ (သို့) စိတ်ပိုင်းဆိုင်ရာ ပြင်းထန် (သို့) အလယ်အလတ် မသန်စွမ်းမှု ရှိပါက မသန်စွမ်းမှုရှိသည့်ကလေးကို ထိန်းသိမ်းစောင့်ရှောက်သည့် ဖခင် (သို့) မိခင်၊ သို့မဟုတ် မိဘကိုယ်စား ထိုကလေးအား ထိန်းကျောင်းနေသူကို ထုတ်ပေးသည့် ထောက်ပံ့ကြေးဖြစ်ပါသည်။ (ဝင်ငွေကန့်သတ်ချက်ရှိသည်)

ဆက်သွယ်ရန်) ခါတိုးမြို့ရင်သွေးပြုစုစောင့်ရှောက်ရေး စမိုင်းလုစဲန်းတာ (လူမှုဖူလုံရေးအထွေထွေစီမံရေးဌာနခွဲ)
ဖုန်း - 0795-43-0408

**မိဘ တစ်ဦးတည်းအနေအထားဖြင့် စောင့်ရှောက်သူများဆိုင်ရာ တိုင်ပင်မှု**

ကွာရှင်းပြတ်စဲမှုမတိုင်ခင် တိုင်ပင်မှုနှင့် ကလေးမှီခိုသူ ထောက်ပံ့ကြေးများနှင့်ပတ်သက်သည့် တိုင်ပင်မှု၊ မိခင် (သို့) ဖခင် တစ်ဦးတည်းအနေအထားဖြင့်စောင့်ရှောက်သူ ကြုံနေရသော အခက်အခဲများအတွက် တိုင်ပင်မှုများကို ကြားနာပြီး လိုအပ်သည့် သတင်းအချက်အလက်များ ပေးအပ်ခြင်း၊ ထောက်ပံ့ကူညီခြင်း လုပ်ဆောင်နေပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့ရင်သွေးပြုစုစောင့်ရှောက်ရေး စမိုင်းလုစဲန်းတာ (လူမှုဖူလုံရေးအထွေထွေစီမံရေးဌာနခွဲ)
ဖုန်း - 0795-43-0408

## ၁၄ ပညာရေး

### ဂျပန်ကျောင်းများ၏ဖွဲ့စည်းပုံ

ဂျပန်တွင်ကျောင်းများမှာ မူလတန်း ၆ နှစ်၊ အလယ်တန်း ၃ နှစ်၊ အထက်တန်း ၃ နှစ်၊ ဉပစာ ကောလိပ် ၂ နှစ် သို့မဟုတ် တက္ကသိုလ် ၄ နှစ်ကို အခြေခံထား၍ သတ်မှတ်ထားပါသည်။

ဤနေရာတွင် စာသင်နှစ်မှာ ဧပြီလမှစတင်ပြီး နောက်နှစ်မတ်လအထိကို စာသင်ကာလ တစ်နှစ်တာအဖြစ် သတ်မှတ်ပါသည်။ မသင်မနေရပညာရေးမှာ မူလတန်း ၆ နှစ်၊ အလယ်တန်း ၃ နှစ် စုစုပေါင်း ၉နှစ် (သို့မဟုတ် မသင်မနေရပညာရေးကျောင်း ၉နှစ်တာ) ဖြစ်ပါသည်။ ထို့နောက် ဆန္ဒရှိသူမှာ အထက်တန်း ဆက်တက်ကာ ကျောင်းပြီးသည့်အခါ အသက်မွေးပညာကျောင်း၊ ဉပစာကောလိပ်နှင့် တက္ကသိုလ်များ ဆက်တက်ပါသည်။

※မသင်မနေရပညာရေးကျောင်းဟူသည်မှာ မူလတန်းနှင့်တန်းတူသည့် အစောပိုင်းပညာရေး ၆ နှစ် နှင့် အလယ်တန်းနှင့်တန်းတူသည့် အနှောင်းပိုင်းပညာရေး ၃ နှစ်ဖြစ်သည့် မသင်မနေရပညာရေး ၉ နှစ်တာကို တစ်ဆက်တည်းသင်ကြားပေးသည့် ကျောင်းဖြစ်သည်။

### ခါတိုးမြို့တွင်းရှိ ပညာရေးဌာနများ

◆မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ မသင်မနေရပညာရေးကျောင်း

မူလတန်းကျောင်းကို အသက် ၆ နှစ်တွင် စတင်အပ်နှံပြီး ၁၂ နှစ်တွင် ကျောင်းဆင်း၊ ထို့နောက် အလယ်တန်းကျောင်းအပ်နှံပြီး ၁၅ နှစ်တွင်ကျောင်းဆင်းသည်။ မသင်မနေရပညာရေးကျောင်းဖြစ်လျှင် အသက် ၆ နှစ်တွင် စတင်အပ်နှံပြီး ၁၅ နှစ်တွင် ကျောင်းဆင်းသည်။ သင်တန်းခ၊ ဖတ်စာအုပ်ကြေးနှင့် ကျောင်းတွင်ကျွေးသည့်အစားအစာစရိတ် (နေ့လယ်စာသည် ကျောင်းမှကျွေးသည့်အစားအစာ) အခမဲ့ဖြစ်သည်။ ကျောင်းအသုံးအဆောင်စရိတ် (ရောင်စုံခဲတံ/ ပန်းချီဆေး စရိတ်စသည်) များကို မိမိဖာသာ ကျခံရပြီး ကျောင်းတွင် ကောက်ခံသည်။

၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ယာရှိရိုး ဂါ့ကုအဲန်း ဖွင့်လှစ်ခဲ့သည့်အတွက်၊ ခါတိုးမြို့တွင် မြို့ပိုင်မူလတန်းကျောင်း ၃ ကျောင်း၊ မြို့ပိုင်အလယ်တန်းကျောင်း ၂ ကျောင်း၊ မသင်မနေရပညာရေး ကျောင်း ၁ ကျောင်းရှိလာပြီး နေထိုင်ရာ ရပ်ကွက်အလိုက် တက်ရမည့်ကျောင်းများ သတ်မှတ်ထားပါသည်။

ကျောင်းတွင်စာရင်းသွင်းထားသည့်ကလေးအုပ်ထိန်းသူဖြစ်ပြီး ကျောင်းအသုံးအဆောင်စရိတ်၊ ကျောင်းတွင်ကျွေးသည့် အစားအစာစရိတ်များ ကျခံရန်ခက်ခဲနေသူများအား ထိုစရိတ်များအတွက်ထောက်ပံ့ပေးသည့်စနစ် ရှိပါသည်။

နိုင်ငံခြားသားများတွင် ပညာရေးဆိုင်ရာ မသင်မနေရဝတ္တရားမရှိသော်လည်း မြို့ပိုင်ကျောင်းများ၌ အပ်နှံရန် ဆန္ဒရှိသူများ အနေဖြင့် မြို့ပညာရေးကောင်စီသို့ ဆက်သွယ်ပါ။

ထို့အပြင် မြို့တွင်းတွင် မြို့ပိုင်ကျောင်းများအပြင် ဟယောဂိုပညာရေးတက္ကသိုလ်တွဲဖက် မူလတန်း၊ အလယ်တန်းကျောင်း ရှိပါသည်။ အသေးစိတ်နှင့်ပတ်သက်၍ တွဲဖက်မူလတန်း၊ အလယ်တန်းကျောင်းသို့ ဆက်သွယ်ပါ

ဆက်သွယ်ရန်) ခါတိုးမြို့ ပညာရေးကောင်စီ စီမံခန့်ခွဲရေးရုံး ပညာရေးလှုံ့ဆော်အားပေးရေးဌာန
ပညာရေးဆိုင်ရာအထွေထွေဌာနခွဲ ဖုန်း - 0795-43-0540

ခါတိုးမြို့ ပညာရေးကောင်စီ စီမံခန့်ခွဲရေးရုံး ပညာရေးလှုံ့ဆော်အားပေးရေးဌာန
ပညာရေးဆိုင်ရာအထွေထွေဌာနခွဲ ခါတိုးမြို့ ပညာရေးကောင်စီ စီမံခန့်ခွဲရေးရုံး
ကလေးများ၏အနာဂတ်ဌာန ကျောင်းပညာရေးဌာနခွဲ ဖုန်း - 0795-43-0541

ဟယောဂိုပညာရေးတက္ကသိုလ်တွဲဖက် မူလတန်းကျောင်း ဖုန်း - 0795-40-2216
ဟယောဂိုပညာရေးတက္ကသိုလ်တွဲဖက် အလယ်တန်းကျောင်း ဖုန်း - 0795-40-2222

◆အထက်တန်းကျောင်း/ အထက်တန်း အသက်မွေးပညာသင်ကျောင်း

"အလယ်တန်းကျောင်းဆင်းပြီး" အဆင့်ထက်သာလွန်သော ပညာအရည်အချင်း မရှိပါက အထက်တန်းကျောင်း တက်ရောက်ခွင့်မရနိုင်သည်ကို သတိပြုပါ။

ခါတိုးမြို့တွင် ဟယောဂိုခရိုင်ပိုင် ယာရှိရိုးအထက်တန်းကျောင်းရှိပါသည်။ ယာရှိရိုးအထက်တန်းကျောင်း အသေးစိတ်နှင့်ပတ်သက်၍ အောက်ပါနေရာသို့ ဆက်သွယ်ပါ။

ဆက်သွယ်ရန်) ဟယောဂိုခရိုင်ပိုင် ယာရှိရိုးအထက်တန်းကျောင်း
ဖုန်း - 0795-42-2055

◆တက္ကသိုလ်၊ ဥပစာ ကောလိပ်၊ အသက်မွေးပညာကျောင်း

တက္ကသိုလ်၊ ဥပစာ ကောလိပ်မှာ "အထက်တန်းကျောင်းဆင်းပြီး" အဆင့်ထက်သာလွန်သော ပညာအရည်အချင်း လိုအပ်ပါသည်။ ခါတိုးမြို့တွင် နိုင်ငံပိုင် ဟယောဂိုပညာရေးတက္ကသိုလ်ရှိပါသည်။ ဟယောဂိုပညာရေးတက္ကသိုလ် ဆိုင်ရာ အသေးစိတ်နှင့်ပတ်သက်၍ အောက်ပါနေရာသို့ ဆက်သွယ်ပါ။

ဆက်သွယ်ရန်) နိုင်ငံပိုင် ဟယောဂိုပညာရေးတက္ကသိုလ် အထွေထွေစီမံရေးဌာနခွဲ
ဖုန်း - 0795-44-2010

## ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ ထောက်ပံ့ရေးစင်တာ"ဟာပီအာ့"

ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုအပါအဝင်၊ ထောက်ပံ့မှုလိုအပ်သည့် လူမမယ်ကလေးများနှင့် အရွယ်ရောက်သူများ ဆိုင်ရာ အောက်ပါလုပ်ငန်းများကို စုစည်းထားသည့် အထွေထွေ တိုင်ပင်ဆွေးနွေးရေးအဖွဲ့အစည်းဖြစ်သည်။ ထို့အပြင် ကလေးငယ်၏ ကြီးထွားဖွံ့ဖြိုးမှု/ အရာရာတိုင်ပင်ဆွေးနွေးမှုတွင် ဆရာဝန်က ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာဆွေးနွေးမှုနှင့် စိတ်ပညာဆိုင်ရာ ဆွေးနွေးမှုများကိုလည်း လုပ်ဆောင်ပေးပါသည်။

◆လုပ်ငန်းအကြောင်းအရာများနှင့် ပတ်သက်၍

(၁) ကြီးထွားဖွံ့ဖြိုးမှုနှင့် လူ့ပ်ရှားမှု၊ ပညာသင်ယူမှု၊ လူမှုဆက်ဆံရေးအပိုင်းစသည်ဖြင့် သိလိုသည့် အကြောင်းအရာ နှင့်ပတ်သက်၍ဆွေးနွေးခြင်း (လိုအပ်ချက်နှင့်အညီ ကြီးထွားဖွံ့ဖြိုးမှုလေ့လာစစ်ဆေးခြင်းစသည်များ)

(၂) ဝန်ထမ်းနှင့် ပညာရှင်များက နေ့ကလေးထိန်းကျောင်းနှင့် ကျောင်းများသို့ လှည့်လည်၍ဆွေးနွေးတိုင်ပင်ခြင်း

(၃) အခြားလူများနှင့် ပေါင်းသင်းဆက်ဆံမှုကို လေ့လာသင်ယူမှုရေးအစီအစဉ် လုပ်ဆောင်သည့် အုပ်စုလိုက်ကုထုံး၊ အုပ်ထိန်းသူနှင့်တိုင်ပင်ရင်း ကလေး၏ ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အံဝင်ခွင်ကျဖြစ်သည့် တစ်ဦးချင်း ကုထုံးနှင့် အခြားအစီအစဉ်များ

(၄) မြို့နေပြည်သူများအတွက် ရည်ရွယ်သည့် ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာမသန်စွမ်းမှုအကြောင်း သိရှိနားလည်လာရေး ဆွေးနွေးပွဲကျင်းပခြင်း

| | |
|---|---|
| လက်ခံဆွေးနွေးသည့်နေ့ | တနင်္လာနေ့မှ သောကြာနေ့ 8:30 - 17:15<br>စနေ တနင်္ဂနွေ၊ အများပြည်သူအားလပ်ရက်၊ နှစ်ကုန်နှစ်သစ်ကူးရက်များ ပိတ်သည်။ |
| လက်ခံဆွေးနွေးသည့်နေရာ | ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာ ထောက်ပံ့ရေးစင်တာ"ဟာပီအာ့"<br>Kato-shi Kinashi 1129 |
| ဆွေးနွေးမှုနှင့်အကျုံးဝင်သူ | မြို့တွင်နေထိုင်သူ နို့စို့ကလေးမှ အရွယ်ရောက်သူအထိ |

※ဆွေးနွေးမှုကုန်ကျစရိတ်မှာ အခမဲ့ဖြစ်သည် ※ကြိုတင်စာရေးပေးရန်လို

ဆက်သွယ်ရန်) ခါတိုးမြို့ ပညာရေးကောင်စီ စီမံခန့်ခွဲရေးရုံး ကလေးများ၏အနာဂတ်ဌာန
ကြီးထွားဖွံ့ဖြိုးမှု ထောက်ပံ့ရေးစင်တာ ဖုန်း - 0795-27-8100

## ၁၅ လူမှုဖူလုံရေး

အမျိုးမျိုးသော လူမှုဖူလုံရေး ဝန်ဆောင်မှုများထဲမှ အဓိကဝန်ဆောင်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

**မသန်စွမ်းသူ လူမှုဖူလုံရေး**

ကိုယ်ခန္ဓာမသန်စွမ်းမှု၊ ဉာဏ်ရည်မသန်စွမ်းမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းမှု ရှိသူအနေဖြင့် ထိုမသန်စွမ်းမှု အဆင့်အလိုက် ဝန်ဆောင်မှုများ ရယူနိုင်ပါသည်။

ဆက်သွယ်ရန်) ခါတိုးမြို့ ကျန်းမာရေးလူမှုဖူလုံရေးဌာန လူမှုအသိုက်အဝန်းလူမှုဖူလုံရေးဌာနခွဲ
ဖုန်း - 0795-43-0409

**လူနေမှုအထောက်အပံ့ကို အခြေခံသည့်ဆောင်ရွက်မှု**

စားဝတ်နေရေး အခက်အခဲတွေ့နေသည့် အိမ်ထောင်စုအား ထိုအခက်အခဲအနေအထားနှင့် ကိုက်ညီသော နေ့စဉ် လူနေမှု စရိတ်၊ နေအိမ်ငှားရမ်းခ၊ ထိခိုက်ဒဏ်ရာ/ရောဂါများကုသမှုအတွက် ဆေးကုသစရိတ်စသည့် အနိမ့်ဆုံးအဆင့် လူနေမှုကို စောင့်ရှောက်ခြင်းနှင့်အတူ မိမိခြေထောက်ပေါ် ပြန်လည်ရပ်တည်နိုင်ရေး ရည်ရွယ်သည့် လူနေမှုဆိုင်ရာ အထောက်အပံ့ကို အခြေခံသည့် ဆောင်ရွက်မှုများရှိပါသည်။

သို့ရာတွင် နိုင်ငံခြားသားတိုင်းအကျုံးဝင်သည်မဟုတ်ပါ။ ဂျပန်တွင်တရားဝင်နေထိုင်ပြီး လုပ်ရှားမှုကန့်သတ်ချက်မရှိသော အမြဲတမ်းနေထိုင်သူ၊ အခြေချနေထိုင်သူ နေထိုင်ခွင့်ရရှိထားသူများသာ အကျုံးဝင်ပါသည်။ အခြားသတ်မှတ်ချက်များလည်း ရှိသဖြင့် အသေးစိတ်ကို မြို့အုပ်ချုပ်ရေးရုံး မြေညီထပ် လူမှုအသိုက်အဝန်း လူမှုဖူလုံရေးဌာနခွဲသို့ ဆက်သွယ်ပါ။

ဆက်သွယ်ရန်) ခါတိုးမြို့ ကျန်းမာရေးလူမှုဖူလုံရေးဌာန လူမှုအသိုက်အဝန်းလူမှုဖူလုံရေးဌာနခွဲ
ဖုန်း - 0795-43-0407

**ပြုစုစောင့်ရှောက်ရေးအာမခံ**

ပြုစုစောင့်ရှောက်ရေးအာမခံဆိုသည်မှာ ပြုစုစောင့်ရှောက်မှုလိုအပ်သူနှင့်မိသားစု ကြုံတွေ့နေရသည့် ပြုစုစောင့်ရှောက်မှု ဆိုင်ရာစိုးရိမ်မှုနှင့်ဝန်ထုပ်ဝန်ပိုးများကို လူမှုအသိုက်အဝန်းကပိုင်းဝန်းထောက်ပံ့သည့်စနစ်ဖြစ်ပါသည်။ မြို့တွင် နေထိုင်သည့် အသက် ၄၀ နှင့်အထက်ရှိသူသည် ပြုစုစောင့်ရှောက်ရေးအာမခံထားရန် တာဝန်ရှိသည်ဟု ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားပြီး၊ အာမခံကြေးပေးဆောင်ရန်တာဝန်ရှိသော်လည်း ပြုစုစောင့်ရှောက်မှုလိုအပ်ချိန်တွင် ဝန်ဆောင်မှုရယူ ခံစားနိုင်ခြင်း အာမခံပါသည်။ နိုင်ငံခြားသားဖြစ်လျှင်လည်း ဂျပန်တွင် ၃ လကျော်လွန် နေထိုင်မည့်သူသည် ဂျပန် လူမှုအသိုက်အဝန်းတွင် ပါဝင်သူအဖြစ် ဤပြုစုစောင့်ရှောက်ရေး အာမခံကို မဖြစ်မနေ ထားရမည်ဖြစ်သည်။

ဆက်သွယ်ရန်) ခါတိုးမြို့ ကျန်းမာရေးလူမှုဖူလုံရေးဌာန သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေး
ဖုန်း - 0795-43-0440

## ၁၆ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေး

ခါတိုးမြို့ရှိ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးဌာနများတွင် ရထား (JR နီရှိနိဟွန်း)၊ ဘတ်စကား (အဲဟီမဲ ဘတ်စု) ၊ အငှားကား စသည်များ ရှိပါသည်။

**ရထားအသုံးပြုသည့်အခါ**

ရထားစီးချိန်တွင် ဘူတာရုံကောင်တာ သို့မဟုတ် လက်မှတ်ရောင်းစက်တွင် သွားလိုသည့်နေရာအထိ လက်မှတ်ကို ဝယ်ပါ။ ထို့နောက် လက်မှတ်ဂိတ်ပေါက်တွင် ဂိတ်အဝင်အထွက်စက်ကိုဖြတ်သန်းခြင်း (သို့) ဘူတာရုံဝန်ထမ်းအား လက်မှတ်ပြသခြင်းများပြုလုပ်၍ဝင်ရောက်ပြီး ရထားစီးပါ။ ဆင်းချိန်တွင်လည်းအလားတူ ဂိတ်အဝင်အထွက်စက်ကို ဖြတ်သန်းခြင်း (သို့) ဘူတာရုံဝန်ထမ်းအား လက်မှတ်ပေးအပ်ခြင်း ပြုလုပ်ပါ။ ရထားကို အကြိမ်ကြိမ်အသုံးပြုသည်ဆိုပါက လပေးလက်မှတ်၊ အတွဲလိုက်လက်မှတ်များကို ဘူတာရုံကောင်တာစသည်များမှ ဝယ်ယူအသုံးပြုပါက အဆင်ပြေပါသည်။

**ဘတ်စကားအသုံးပြုသည့်အခါ**

မှတ်တိုင်သို့ ဘတ်စကားဆိုက်ရောက်လာပါက အနောက်ဘက်တံခါးပေါက် (အမြန်လမ်းဘတ်စကားမှာ အရှေ့ဘက်တံခါးပေါက်) မှ တက်ပြီး၊ စတင်စီးနင်းသည့်နေရာကို ပြသသည့် လက်မှတ်ကို ယူထားပါ။

ကားပေါ်တွင် နောက်တစ်ကြိမ်ရပ်တန့်မည့် မှတ်တိုင်ကို ကြေညာပေးသည့်အတွက် ဆင်းလိုသည့်အခါ ကားပေါ်ရှိ အသိပေးခလုတ်ကို နှိပ်ပါ။ မည်သူမျှ ခလုတ်မနှိပ်လျှင် သို့မဟုတ် မှတ်တိုင်မှ တက်မည့်သူမရှိလျှင် ထိုမှတ်တိုင်တွင် ဘတ်စကားရပ်မည် မဟုတ်ပါ။

ဂျပန်စကားကို နားထောင်၍ နားလည်ရန်ခက်ခဲသည့်အခါ ယာဉ်မောင်းသူ (သို့) အနီးမှလူများအား "ဝါတာရှီဝါ ○○ဒဲ့ အိုလီလုနိုဒဲ့ အိုရှီအဲတဲ့ ခုဒါစိုင်း" (ကျွန်တော်/ကျွန်မ ○○မှာ ဆင်းမှာမို့ သတိပေးပါ) ဟု တောင်းဆိုပါက အဆင်ပြေနိုင်ပါသည်။ ဆင်းသည့်အခါတွင် ယာဉ်မောင်း၏ဘေးဘက်ရှိ ပုံးအတွင်းသို့ လက်မှတ်နှင့် ယာဉ်စီးခများ ထည့်လိုက်ပါ။ ယာဉ်စီးခမှာ ယာဉ်မောင်းထိုင်ခုံ အပေါ်ပိုင်းရှိ ဆိုင်းဘုတ်တွင်ကြည့်၍ မိမိ၏ လက်မှတ်ပါ နံပါတ်နှင့် ကိုက်ညီသည့် ငွေပမာဏကို စစ်ဆေးအတည်ပြုပါ (နိကိုပါ ကာ့ဒ်ို (※) အသုံးပြုသည့်အခါ တစ်ပြေးညီ ယန်း ၁၀၀) ။

ယန်း ၁,၀၀၀ အထိဖြစ်ပါက ကားပေါ်တွင်အကြွေလဲနိုင်သော်လည်း အကြွေဆောင်ထားလျှင် အဆင်ပြေပါသည်။ အစောင်တွဲလက်မှတ်၊ လပေးလက်မှတ်၊ နိကိုပါ ကာ့ဒ်ို များလည်း အသုံးပြုနိုင်ပါသည်။

အသေးစိတ်နှင့်ပတ်သက်၍ ရှင်းကီဘတ်စု လုပ်ငန်းဌာန (0795-42-0057) သို့ဆက်သွယ်ပါ။

※ နိကိုပါ (NicoPa) ကာ့ဒ်ို ဆိုသည်မှာ - ရှင်းကီဘတ်စုလိုင်းတွင် အသုံးပြုနိုင်သည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ IC ကတ် ဖြစ်သည်။
ထိုကတ်ပြားကို သုံးပါက ခါတိုးမြို့တွင်းမှတက်စီးပြီး ခါတိုးမြို့တွင်းတွင် ဆင်းသည့်အခါ ယာဉ်စီးခမှာ ယန်း ၁၀၀ ဖြစ်ပါသည်။

**တစ်ပြေးညီ ယာဉ်စီးခနှင့်ပတ်သက်၍**

နိကိုပါ ကာ့ဒ်ကို အသုံးပြုမည်ဆိုပါက ဘတ်စကားလိုင်းကားများ၏ ခါတိုးမြို့တွင်း ယာဉ်စီးခသည် တစ်ကြိမ်လျှင် **တစ်ပြေးညီ ယန်း ၁၀၀** ဖြစ်ပါသည်။

| ခေါင်းစဉ် | အကြောင်းအရာ |
|---|---|
| တစ်ပြေးညီ ယာဉ်စီးခ | တစ်ကြိမ်စီးနင်းလျှင် လူကြီး ယန်း ၁၀၀ ၊ ကလေး/မသန်စွမ်းသူ ယန်း ၅၀ |
| တစ်ပြေးညီ ယာဉ်စီးခ အကျုံးဝင်သည့် ကန့်သတ်ချက် | နိကိုပါ ကာ့ဒ် (※) ကိုအသုံးပြုပြီး ခါတိုးမြို့တွင်းမှတ်တိုင်မှ တက်ပြီး ခါတိုးမြို့တွင်း မှတ်တိုင်တွင် ဆင်းသည့်အခါ<br>※ခါတိုးမြို့တွင်းမှတ်တိုင်မှ တက်ပြီး ခါတိုးမြို့ပြင်မှတ်တိုင်တွင် ဆင်းခြင်း၊ သို့မဟုတ် ခါတိုးမြို့ပြင်မှတ်တိုင်မှ တက်ပြီး ခါတိုးမြို့ပြင်မှတ်တိုင်တွင် ဆင်းခြင်းဖြစ်ပါက ယန်း ၁၀၀ ဖြစ်မည်မဟုတ်ပါ။ |
| အကျုံးဝင်သည့် ဘတ်စကားလိုင်း | ခါတိုးမြို့တွင်း ပြေးဆွဲနေသည့် ဘတ်စကားလိုင်းအားလုံး<br>(အမြန်လမ်းဘတ်စကားမှလွဲ၍) |
| အကျုံးဝင်သည့် မှတ်တိုင် | ခါတိုးမြို့တွင်းမှတ်တိုင် အားလုံး |
| နိကိုပါ ကာ့ဒ် ဝယ်ယူနိုင်သည့် နေရာ | • ရှင်းကီဘတ်စ ယာရှီရိုး စုံစမ်းရေးဌာန (ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ အများပြည်သူအားလပ်ရက် ပိတ်သည်)<br>Kato-shi Yashiro 777-21<br>• ခါတိုးမြို့အုပ်ချုပ်ရေးရုံး ၄ ထပ် စီမံကိန်းမူဝါဒဌာနခွဲ |

ဘတ်စကားလိုင်းများနှင့် နိကိုပါ ကာ့ဒ် ဆိုင်ရာ အသေးစိတ်နှင့်ပတ်သက်၍ ရှင်းကီဘတ်စ်ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာကို ကြည့်ရှုပါ။

ရှင်းကီဘတ်စ အင်တာနက်စာမျက်နှာ) https://www.shinkibus.co.jp/

(လက်ယာဘက်ရှိ QRကုတ်မှလည်း ကြည့်ရှုနိုင်ပါသည်)

**အငှားကားအသုံးပြုသည့်အခါ**

အငှားကားများသည် အဓိကအားဖြင့် "တာခီနို ယာရှိရိုး အင်တာ" မှတ်တိုင်နှင့် "ခါတိုး ဘတ်စ တာမီနလု" တွင် စောင့်ဆိုင်းနေပါသည်။ ထို့အပြင် ကြိုတင်၍ဆက်သွယ်ထားမည်ဆိုပါက မည်သည့်နေရာကိုမဆို လာရောက်ပါသည်။ အငှားကားပေါ်တက်ချိန်တွင် အနောက် လက်ဝဲဘက်တံခါး အလိုအလျောက်ပွင့်လာပါမည်။ တံခါးပိတ်ရာတွင်လည်း အလိုအလျောက် ပိတ်မည် ဖြစ်ပါသည်။

ယာဉ်မောင်းသူအား သွားလိုသည့်နေရာ ပြောချိန်တွင် ဂျပန်စကားကောင်းစွာမပြောနိုင်ပါက လိပ်စာ၊ သွားလိုသည့် နေရာအမည်များကို စာရွက်တွင်ရေးသား ပြသမည်ဆိုပါ အဆင်ပြေနိုင်ပါသည်။ ဘောက်ဆူးပေးသည့် ဓလေ့မရှိပါ။

## ၁၇ ဘဏ်/စာတိုက်

ဘဏ်နှင့် စာတိုက်တို့သည် ငွေကြေးကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် ငွေလွှဲခြင်းလုပ်ငန်းများကို လုပ်ဆောင်ပါသည်။ နှစ်မျိုးစလုံးပင် ပုဂ္ဂလိကလုပ်ငန်းများဖြစ်ပြီး ဘဏ်သည် အဓိကအားဖြင့် ငွေကြေးကိုင်တွယ်ဆောင်ရွက်ပြီး စာတိုက်သည် ငွေကြေးအပြင် စာ၊ ပါဆယ်နှင့် အာမခံများကိုလည်း ကိုင်တွယ်ဆောင်ရွက်ပါသည်။

ဖွင့်လှစ်ချိန် ဘဏ်) တနင်္လာမှ သောကြာ 9:00 - 15:00

စာတိုက်) ငွေကြေး/အာမခံကောင်တာ တနင်္လာမှ သောကြာ 9:00 - 16:00

စာပို့ကောင်တာ တနင်္လာမှ သောကြာ 9:00 - 17:00

စာတိုက်၏ စုံစမ်းရေးအင်တာနက်စာမျက်နှာ (အင်္ဂလိပ်ဘာသာ)

→http://www.post.japanpost.jp/index_en.html

(လက်ယာဘက်ရှိ QRကုတ်မှလည်း ကြည့်ရှုနိုင်ပါသည်)

### နိုင်ငံခြားငွေကိုင်တွယ်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍

နိုင်ငံခြားငွေကို အဓိကအားဖြင့် ဘဏ်များကကိုင်တွယ်ဆောင်ရွက်ပါသည်။ ခါတိုးမြို့တွင် နိုင်ငံခြားငွေကိုင်တွယ်ဆောင်ရွက်သော ဘဏ်မရှိပါ။

### ဘဏ်စာရင်းဖွင့်ခြင်းနှင့်ပတ်သက်၍

ဘဏ်စာရင်းများတွင် ဖူဆူးယော်ကင်း၊ တေးကီယော်ကင်း၊ ဆုမိတာတဲယော်ကင်း ဟူ၍ရှိပြီး စာတိုက်/ ဘဏ် ဝန်ထမ်းများအား ၎င်းအမျိုးအစားအသီးသီးနှင့်ပတ်သက်၍ ကွာခြားချက်များအား မေးမြန်းပြီး မိမိ လိုအပ်ချက်နှင့် ကိုက်ညီသည့်စာရင်းကိုဖွင့်ပါ။ ကာယကံရှင်ဖြစ်ကြောင်းသက်သေခံသည့်အရာ (နိုင်ငံကူး လက်မှတ်၊ နေထိုင်သူကတ်၊ ကိုယ်ပိုင်နံပါတ်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ အာမခံကတ်) များလိုအပ်ပါသည်။ ကိုယ်ပိုင် အင်းကန်း (လက်မှတ် တံဆိပ်တုံး) ရှိထားလျှင် အဆင်ပြေပါသည်။

### ငွေအပ်နှံခြင်း၊ ငွေထုတ်ခြင်းနှင့် ပတ်သက်၍

ဘဏ်၊ စာတိုက်များ၏ ကောင်တာတွင် ငွေအပ်နှံခြင်း သို့မဟုတ် ငွေထုတ်ပုံစံစာရွက်တွင် ငွေပမာဏ၊ ဘဏ်စာရင်း နံပါတ် စသည်များကို ရေးဖြည့်ကာ ဘဏ်စာအုပ်နှင့်အတူ တင်ပြပါ။

### ဘဏ်ကတ်ပြားနှင့်ပတ်သက်၍

ကောင်တာသို့သွားရန်မလိုဘဲ ငွေသွင်းငွေထုတ်နိုင်သည့် ဘဏ်ကတ်ပြားကို ဘဏ်စာရင်းဖွင့်ချိန်တွင် လျှောက်ထားနိုင်ပါသည်။

အလိုအလျောက်ငွေသွင်းငွေထုတ်စက် (ATM) ရှိသည့်နေရာဖြစ်ပါက ထိုကတ်ပြားကိုအသုံးပြု၍ ငွေထုတ်ခြင်း၊ လက်ကျန်ငွေ စစ်ဆေးခြင်းများ ပြုလုပ်နိုင်ပါသည်။

### ဘဏ်စာရင်းမှ အလိုအလျောက်ငွေလွှဲပေးချေခြင်း ဝန်ဆောင်မှုနှင့်ပတ်သက်၍

လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေ၊ တယ်လီဖုန်းခစသည့် လစဉ်ပေးချေမှုများကို ဘဏ်နှင့်စာတိုက်များတွင် လျှောက်ထားပါက လစဉ်သတ်မှတ်ထားသည့်နေ့တွင် ဘဏ်စာရင်းမှ အလိုအလျောက် လွှဲပေးမည်ဖြစ်သဖြင့် အဆင်ပြေပါသည်။ ထိုသို့ လျှောက်ထားပြီးနောက် ဝန်ဆောင်မှုစတင်ချိန်အထိ သီတင်း ၂ ပတ်မှ ၃ ပတ် ကြာမြင့် နိုင်ပါသည်။

## ၁၈ ယာဉ်မောင်းလိုင်စင်

မော်တော်ယာဉ်မောင်းနှင်ရန်အတွက် ယာဉ်မောင်းလိုင်စင်လိုအပ်ပါသည်။ ယာဉ်မောင်းသင်တန်းစသည်များတွင် သင်ယူလေ့ကျင့်ပြီး ယာဉ်မောင်းလိုင်စင်ရယူပါ။ မိမိနိုင်ငံမှ တရားဝင်သက်တမ်းရှိသော ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူသည် သက်ဆိုင်ရာလုပ်ငန်းစဉ်ကိုလုပ်ဆောင်ပါက ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲနိုင်ပါသည်။

**နိုင်ငံတကာယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားပါက**

ဂျီနီဗာကွန်ဗင်းရှင်းအရ ထုတ်ပေးထားသည့် နိုင်ငံတကာယာဉ်မောင်းလိုင်စင်သာလျှင် ဂျပန်နိုင်ငံတွင် တရားဝင် ပါသည်။ သက်တမ်းကာလအတွင်းဖြစ်လျှင် ဂျပန်သို့ဝင်ရောက်သည့်နေ့မှ တစ်နှစ်တာကာလ တရားဝင်သော်လည်း ရောက်ပြီးနောက် တစ်နှစ်တာကာလအတွင်း နိုင်ငံတကာယာဉ်မောင်းလိုင်စင်၏ သက်တမ်းကုန်ဆုံးမည်ဆိုပါက ထိုကုန်ဆုံးသည့်နေ့အထိသာ တရားဝင်မည်ဖြစ်သည်။

သတိပြုရန် - ဂျပန်နိုင်ငံတွင် နေထိုင်သူစာရင်းမှတ်ပုံတင်ထားသူက ဂျပန်မှထွက်ခွာကာ နိုင်ငံတကာယာဉ်မောင်းလိုင်စင် ရယူ၍ ဂျပန်သို့နောက်တစ်ကြိမ်ပြန်လည်ဝင်ရောက်လာသည့်အခါ ထွက်ခွာချိန်မှပြန်လည်ဝင်ရောက်ချိန် အထိ ကာလ ၃ လနှင့်အထက်မရှိပါက ထိုပြန်လည်ဝင်ရောက်သည့်နေ့သည် တစ်နှစ်တာ လိုင်စင်တရားဝင်ကာလ တွက်ချက်သည့်နေ့ (ဂျပန်သို့ဝင်ရောက်သည်ဟုသတ်မှတ်သည့်နေ့) ဖြစ်မည် မဟုတ်ပါ။

**နိုင်ငံခြားတိုင်းပြည်၏ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားပါက**

ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ ဘယ်လဂျီယံ၊ မိုနာကို၊ ထိုင်ဝမ်တို့၏ ယာဉ်မောင်းလိုင်စင်များနှင့်ပတ်သက်၍မူ ဂျပန်ဘာသာပြန်ဆိုချက်ကိုင်ဆောင်ထားသည့်အခါတွင်သာ ဂျပန်သို့ဝင်ရောက်သည့်နေ့မှ တစ်နှစ်တာ မော်တော်ယာဉ် မောင်းနှင်နိုင်ပါသည်။ တစ်နှစ်ကျော်လွန်ပြီးနောက် ဂျပန်နိုင်ငံတွင်း နေထိုင်သူမှတ်ပုံတင်ရှိသူ၊ နေထိုင်ခွင့်ဗီဇာရှိသူက ဂျပန်မှ ထွက်ခွာပြီးနောက် ပြန်လည်ဝင်ရောက်သည့်အခါတွင် ထွက်ခွာခြင်းမှ ဝင်ရောက်ခြင်းအထိကာလက ၃ လနှင့် အထက်မဟုတ်ပါက မော်တော်ယာဉ် မောင်းနှင်ခြင်း မပြုနိုင်ပါ။

ဘာသာပြန်ဆိုချက်သည် နိုင်ငံခြားတိုင်းပြည်ယာဉ်မောင်းလိုင်စင်ထုတ်ပေးသည့်နိုင်ငံ၏သံတမန်ရေးရာအဖွဲ့အစည်း (သို့) ဂျပန်မော်တော်ယာဉ်အဖွဲ့ချုပ် (JAF) တို့၏စာရွက်စာတမ်းသာ ဖြစ်ရမည်။

**နိုင်ငံခြားတိုင်းပြည်၏ယာဉ်မောင်းလိုင်စင်ဘာသာပြန်ချက်နှင့်ပတ်သက်၍ (JAF)**

◆လျှောက်ထားနည်း

အောက်ပါ လိုအပ်သောစာရွက်စာတမ်းများကို ထုတ်ပေးခနှင့်အတူ ငွေသားမှတ်ပုံတင်စာဖြင့် ပေးပို့ပါ။ သို့ရာတွင် နိုင်ငံတကာယာဉ်မောင်းလိုင်စင်ဘာသာပြန်ချက်ကိုမူ လုပ်ဆောင်ခြင်းမရှိသည့်အတွက် သတိပြုပါ။

လိုအပ်သောစာရွက်စာတမ်း

(၁) နိုင်ငံခြားတိုင်းပြည်၏ယာဉ်မောင်းလိုင်စင်ဘာသာပြန်ချက်ထုတ်ပေးရေးလျှောက်လွှာ

JAF ၏အင်တာနက်စာမျက်နှာမှ ဒေါင်းလုပ်ယူနိုင်သည်။ အင်တာနက်အသုံးမပြုနိုင်ပါက FAX ဖြင့် ပေးပို့ နိုင် သည့်အတွက် နီးစပ်ရာ JAF ရုံးခွဲသို့ ဆက်သွယ်ပါ။

JAF ဟယောဂိုရုံးခွဲ ဖုန်း - 078-871-7530 10:00 - 17:00

(စနေ၊ တနင်္ဂနွေ၊ အများပြည်သူအားလုပ်ရက် ပိတ်သည်)

JAF အင်တာနက်စာမျက်နှာ (အင်္ဂလိပ်ဘာသာ) https://english.jaf.or.jp/

(လက်ယာဘက်ရှိ QRကုတ်မှလည်း ကြည့်ရှုနိုင်ပါသည်)

(၂) နိုင်ငံခြားတိုင်းပြည်၏ယာဉ်မောင်းလိုင်စင်

ယာဉ်မောင်းလိုင်စင်ပါအချက်အလက်များကို ထင်ထင်ရှားရှားဖတ်ရှုနိုင်ရန် လိုင်စင်မျက်နှာစာနှင့်ကျောဘက် နှစ်မျိုးစလုံး တတ်နိုင်သမျှ ရောင်စုံကာလာဖြင့် ရှင်းလင်းပြတ်သားသော မိတ္တူကို အသုံးပြုပါ။

※တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယာဉ်မောင်းလိုင်စင်ဖြစ်လျှင် Fuye လိုအပ်ပြီး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ယာဉ်မောင်းလိုင်စင် ဖြစ်လျှင် တရားဝင်လက်ခံဖြတ်ပိုင်း (OFFICIAL RECEIPT) လိုအပ်ပါသည်။

※အစ္စရေးနိုင်ငံ ယာဉ်မောင်းလိုင်စင်ဖြစ်လျှင် မူလထုတ်ပေးသူ (သို့) သံရုံး၏ အင်္ဂလိပ်ဘာသာ ထောက်ခံစာ လိုအပ်ပါသည်။

(၃) နိုင်ငံကူးလက်မှတ်၊ နေထိုင်သူကတ်၊ သို့မဟုတ် နေထိုင်သူအထောက်အထားစာရွက်မိတ္တူ စသည်များ အာရေဗီးယားဘာသာနှင့် ရုရှားဘာသာဖြင့် ရေးသားထားသော ယာဉ်မောင်းလိုင်စင်နှင့် တောင်ကိုရီးယား၊ ထိုင်း၊ မြန်မာစသည့်နိုင်ငံများတွင် ထုတ်ပေးသည့်ယာဉ်မောင်းလိုင်စင်များအတွက်သာ လိုအပ်မည်ဖြစ်သည်။

◆ထုတ်ပေးခ

ယာဉ်မောင်းလိုင်စင် တစ်စောင်လျှင် ထုတ်ပေးခ ယန်း ၄,၀၀၀ လိုအပ်သည်။

※အထူးအမြန်ပို့ဆောင်မှုနှင့် ထပ်မံပို့ပေးရန်တောင်းဆိုသည့်အခါ သီးခြားပေးပို့ခကျသင့်ပါမည်။ ထို့အပြင် ပျောက်ဆုံးခြင်းစသည်များကြောင့် ထပ်မံထုတ်ပေးသည့်အခါတွင်လည်း တူညီသည့်အခကြေးငွေ ကျသင့်မည် ဖြစ်ပါသည်။

◆ကြာမြင့်မည့်အချိန်

ပုံမှန် အားဖြင့်သီတင်းတစ်ပတ်မှ ၂ ပတ်ခန့်ကြာမြင့်ပါမည်။ ထို့အပြင် လိုအပ်သောစာရွက်စာတမ်း (၃)တွင် ဖော်ပြထားသော နိုင်ငံခြားတိုင်းပြည်၏ယာဉ်မောင်းလိုင်စင်၏ဘာသာပြန်ချက်အတွက်မူ သီတင်း ၂ ပတ်မှ ၃ ပတ်ခန့် ကြာမြင့်ပါမည်။ အမြန်လိုအပ်ပါက "ယာဉ်မောင်းလိုင်စင်ဘာသာပြန်ချက် လျှောက်ထားရေး ဝက်ဘ်ဆိုက်" မှ လျှောက်ထားခြင်း နည်းလမ်းကို ထည့်သွင်းစဉ်းစားပါ။

## ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲခြင်းနှင့်ပတ်သက်၍

နိုင်ငံခြားတိုင်းပြည်၏ယာဉ်မောင်းလိုင်စင်မှ ဂျပန်နိုင်ငံ၏ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲခြင်း လျှောက်ထားမှု လုပ်ငန်းစဉ်ကို အာကာ့ရှိ ယာဉ်မောင်းလိုင်စင်စာမေးပွဲစစ်ဆေးရေးစခန်းသို့ သွားရောက်လုပ်ဆောင်ပါ။

◆လိုအပ်သောစာရွက်စာတမ်း - တင်ပြရမည့်စာရွက်စာတမ်းနှင့်အသေးစိတ်နှင့်ပတ်သက်၍ ယာဉ်မောင်းလိုင်စင် စာမေးပွဲစစ်ဆေးရေးစခန်းတွင် မေးမြန်းစုံစမ်းပါ။

(၁) ဓာတ်ပုံ ၁ပုံ (အနံ 3cm အလျား 2.4cm ဖြစ်ပြီး ၆ လအတွင်း ရိုက်ကူးထားသည့်၊ ဦးထုပ်မပါ၊ ရှေ့တည့်တည့် မျက်နှာမူ၊ ရင်ဘတ်မှအထက်၊ နောက်ခံဖြောင်ဖြစ်သည့်အရာ) ※လျှောက်ထားသည့်နေရာတွင်လည်း အခကြေးငွေဖြင့် ရိုက်ကူးနိုင်သည်။

(၂) သက်တမ်းရှိ နိုင်ငံခြားတိုင်းပြည်၏ယာဉ်မောင်းလိုင်စင် ※လိုင်စင်ထုတ်ရယူသည့်နေ့စွဲမဖော်ပြထားပါက ရယူသည့် နေ့စွဲကို သက်သေပြနိုင်သည့် စာရွက်စာတမ်း လိုအပ်ပါသည်။

(၃) နိုင်ငံခြားတိုင်းပြည်၏ယာဉ်မောင်းလိုင်စင်ဂျပန်ဘာသာပြန်ဆိုချက် ※သက်ဆိုင်ရာ နိုင်ငံခြားတိုင်းပြည်၏ သံရုံး၊ ကောင်စစ်ဝန်ရုံး၊ JAF စသည်များတွင် ဘာသာပြန်ထားသည့်အရာ

(၄) ဂျပန်ယာဉ်မောင်းလိုင်စင် (လက်ရှိ (သို့) ယခင်က ထုတ်ပေးထားခြင်း ရှိသူများသာ)

(၅) ဂျပန်နိုင်ငံသား မိသားစုမှတ်တမ်း (သို့) နိုင်ငံသားအမျိုးအစားဖော်ပြထားသည့် နေထိုင်သူမှတ်တမ်း မိတ္တူ (ကိုယ်ပိုင်နံပါတ် (မိုင်နမ်ဘာ) ဖော်ပြထားခြင်းမရှိသည့်အရာ)

(၆) နိုင်ငံကူးလက်မှတ် ※လိုင်စင်ရပြီးနောက် ထိုနိုင်ငံတွင် ၃လကျော်နေထိုင်ခဲ့ကြောင်း အတည်ပြုနိုင်သည့် နိုင်ငံကူးလက်မှတ်။ နိုင်ငံကူးလက်မှတ် အဟောင်းရှိပါက အားလုံးယူသွားပါ)

(၇) ဝန်ဆောင်ခအသီးသီး

| | | |
|---|---|---|
| စာမေးပွဲကြေး | အင်ဂျင်အသေးစားတပ်စက်ဘီး၊ အသေးစားအထူးယာဉ် | ယန်း ၁,၅၀၀ |
| | သာမန်ယာဉ် | ယန်း ၂,၅၅၀ |
| | အကြီးစား၊ အလတ်စား၊ ဒုတိယအဆင့်အလတ်စား | ယန်း ၄,၁၀၀ |
| | အခြား | ယန်း ၂,၆၀၀ |
| ထုတ်ပေးမှု ဝန်ဆောင်ခ | | ယန်း ၂,၀၅၀ |

◆သာမန် လျှောက်ထားမှုမှ လိုင်စင်ပြောင်းလဲမှုအထိ အဆင့်များ

အာကာ့ရှိ ယာဉ်မောင်းလိုင်စင်စာမေးပွဲစစ်ဆေးရေးစခန်းတွင် လျှောက်ထားသည့်အခါ တယ်လီဖုန်းနှင့်ကြိုတင် စာရင်းပေးရန်လိုအပ်ပါသည်။

(၁) ကြိုတင်စာရင်းပေးရန်ဖုန်းနံပါတ် (ကြားရက်များသာ 09:00 - 16:00) - 078-912-1777

(၂) ပြောင်းလဲမှုလျှောက်ထားခြင်း

(၃) အရည်အချင်းပြည့်ဝမှုဆိုင်ရာစာမေးပွဲ

(၄) ယာဉ်စည်းကမ်းဗဟုသုတ/ယာဉ်မောင်းနှင်မှုစွမ်းရည်အတည်ပြုခြင်း (ယာဉ်မောင်းလိုင်စင် စင်တာ၊ စာမေးပွဲ စစ်ဆေးသည့်နေရာရှိလမ်းကြောင်းတွင် မောင်းနှင်ခြင်း)

(၅) ဂျပန်၏ယာဉ်မောင်းလိုင်စင်ရရှိခြင်း

◆ဗဟုသုတ၊ ကျွမ်းကျင်မှုဆိုင်ရာ ကင်းလွတ်ခွင့်သဘောတူညီချက်

ဗဟုသုတ၊ ကျွမ်းကျင်မှု ကင်းလွတ်ခွင့်သဘောတူညီချက် ရရှိထားသည့်နိုင်ငံ၏ယာဉ်မောင်းလိုင်စင် ကိုင်ဆောင် ထားသူသည် သင့်လျော်မှုဆိုင်ရာစာမေးပွဲသက်သက်သာ ဖြေဆိုရပါမည်။

ဆက်သွယ်ရန်) အာကာ့ရှိ ယာဉ်မောင်းလိုင်စင်စာမေးပွဲစစ်ဆေးရေးစခန်း
ဖုန်း - 078-912-1628

**ယာဉ်မောင်းလိုင်စင်၏သက်တမ်း**

အသစ်ရရှိသည့် ဂျပန်၏ယာဉ်မောင်းလိုင်စင်သက်တမ်းမှာ ရရှိသည့်နေ့မှ ၃ ကြိမ်မြောက်မွေးနေ့ကျော်လွန်ပြီး တစ်လ အထိ ဖြစ်ပါသည်။ ထိုနောက်ပိုင်းတွင် ၃ နှစ် သို့မဟုတ် ၅ နှစ်တစ်ကြိမ် သက်တမ်းတိုးရပါမည်။ သက်တမ်း ကျော်လျှင် ပျက်ပြယ်မည်ဖြစ်သဖြင့် လုပ်ဆောင်ရန်လုပ်ငန်းစဉ်များကို မမေ့မလျော့ လုပ်ဆောင်ပါ။

**လိပ်စာပြောင်းလဲသည့်အခါ**

လိပ်စာပြောင်းလဲသည့်အခါ ယာဉ်မောင်းလိုင်စင်တွင်ဖော်ပြထားသည့်လိပ်စာကို ပြောင်းလဲရေးလုပ်ငန်းစဉ် လိုအပ် ပါသည်။ ယာဉ်မောင်းလိုင်စင်နှင့် လိပ်စာသစ်ကို သက်သေခံသည့်အရာ (နေထိုင်သူကတ်စသည်) ကိုယူ၍ နေထိုင်ရာ နေရာသစ်မှ ရဲစခန်း သို့မဟုတ် ယာဉ်မောင်းလိုင်စင်စာမေးပွဲစစ်ဆေးရေးနေရာတွင် လုပ်ငန်းစဉ်များကို လုပ်ဆောင်ပါ။

**ယာဉ်မောင်းလိုင်စင် ရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း**

ဂျပန်တွင် စည်းကမ်းချိုးဖောက်ခြင်းနှင့် ယာဉ်မတော်တဆမှု ကျူးလွန်ခဲ့သည့် ယာဉ်မောင်းသူအား နောင်အခါ ဘေးကင်းလုံခြုံသောယာဉ်မောင်းနှင်မှုကို လုပ်ဆောင်လာစေရန် လှုံ့ဆော်ရေးအတွက် အမှတ်ပေးစနစ်ရှိပါသည်။ အမှတ်ပေးစနစ်ဆိုသည်မှာ ယာဉ်မတော်တဆမှုအပြင် မီးပွိုင့်အချက်ပြမီးကို မလိုက်နာခြင်း၊ အရှိန်ကျော်လွန်ခြင်း၊ ယာဉ်ရပ်ဆိုင်း/ရပ်နားမှု စည်းကမ်းချိုးဖောက်ခြင်းစသည်များကို ကျူးလွန်သည့်အကြိမ်တိုင်း အမှတ်ကိုပေါင်းပြီး စုစုပေါင်းအမှတ်က သတ်မှတ်အတိုင်းအတာ ပြည့်သည့်အခါ၊ လိုင်စင် ရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်းစသည့် ပြစ်ဒဏ် ချမှတ်သည့်စနစ်ဖြစ်သည်။ ထိုအထဲတွင် အရက်မူး၍ယာဉ်မောင်းနှင်ခြင်းအတွက် ပြစ်ဒဏ်မှာ ကြီးလေးပြီး တစ်ကြိမ် ကျူးလွန်ရုံဖြင့် ယာဉ်မောင်းလိုင်စင် ဖျက်သိမ်းခြင်းခံရမည်။

ပြစ်ဒဏ်များမှာ အရက်မူး၍ယာဉ်မောင်းနှင်ခြင်းဖြစ်လျှင် ၅ နှစ်အောက် ထောင်ဒဏ် (သို့) ယန်း ၁,၀၀၀,၀၀၀ အောက် ဒဏ်ငွေ ၊ အရက်သောက်ထားပြီးယာဉ်မောင်းနှင်ခြင်းဖြစ်လျှင် ၃ နှစ်အောက် ထောင်ဒဏ် (သို့) ယန်း ၅၀၀,၀၀၀ အောက် ဒဏ်ငွေဖြစ်ပါသည်။ စီးနင်းလိုက်ပါလာသူနှင့် ယာဉ် (သို့) အရက် ကမ်းလှမ်းခဲ့သူများလည်း ဒဏ်ငွေချမှတ်ခံရနိုင်ပါသည်။ အရက်သေစာသောက်သုံးခြင်းသည် ယာဉ်မောင်းနှင်မှုအပေါ် ဆိုးရွားသည့်အကျိုးသက်ရောက်မှုဖြစ်စေသဖြင့် အရက် သေစာ သောက်သုံးထားချိန်တွင် ယာဉ်မောင်းနှင်ခြင်း လုံးဝ မပြုပါနှင့်။

ထို့အပြင် ဂျပန်တွင် လမ်းပေါ်၌ ယာဉ်ရပ်နားမှုဆိုင်ရာ စည်းကမ်းဖောက်ဖျက်မှု စစ်ဆေးအရေးယူခြင်းကို တင်းကျပ်စွာ လုပ်ဆောင်ပါသည်။ တတ်နိုင်သမျှ အနီးအနားရှိ ယာဉ်ရပ်နားရေးနေရာတွင် ရပ်နားနိုင်ရန် ကြိုးပမ်း အားထုတ်ပါ။

## ၁၉ အလုပ်ခန့်ခြင်း/အလုပ်လုပ်ခြင်း

နိုင်ငံခြားသားများ ဂျပန်တွင် အလုပ်လုပ်ရန် "အလုပ်လုပ်ခြင်းကိုခွင့်ပြုသည့်နေထိုင်ခွင့်" ရှိထားရန်လိုအပ်သည်။

**အလုပ်ရှာဖွေသည့်အခါ**

လူထုအလုပ်အကိုင်တည်ငြိမ်ရေးဌာန (အများအခေါ် "ဟာလိုးဝါ့ကု") သည် အလုပ်အကိုင်ရှာဖွေနေသူအတွက် ထိုသူ၏ ဆန္ဒနှင့် စွမ်းရည်နှင့် ကိုက်ညီသည့် အလုပ်အကိုင်ကို မိတ်ဆက်ပေးနေပါသည်။ ထို့အပြင် လူအရင်းအမြစ် ရှာဖွေနေသည့် ကုမ္ပဏီများအတွက် ထိုကုမ္ပဏီနှင့် သင့်လျော်သည့် လူအရင်းအမြစ်များကို မိတ်ဆက်ပေးနေပါသည်။

ခါတိုးမြို့တွင် ဟာလိုးဝါ့ကု အသုံးပြုပုံနည်းလမ်း၊ ကိုယ်ရေးရာဇဝင်ရေးသားနည်းစသည့် အလုပ်ဆိုင်ရာကိစ္စများ ဆွေးနွေး တိုင်ပင်နိုင်သည့် "အလုပ်ဆိုင်ရာထောက်ပံ့ရေးရုံးခန်း" ဖွင့်လှစ်ထားသဖြင့် အားမနာဘဲ လာရောက် ဆွေးနွေး တိုင်ပင်ကြပါ (အလုပ်ခေါ်သူနှင့် တိုက်ရိုက်မိတ်ဆက်ပေးခြင်းမလုပ်ဆောင်ပါ)။ ဂျပန်ဘာသာစကား မတတ်သူအနေဖြင့် ဘာသာပြန် လုပ်ပေးနိုင်သူနှင့် အတူတကွ လာရောက်ပါ။

ဆက်သွယ်ရန်) ခါတိုးမြို့ အလုပ်ထောက်ပံ့ရေးရုံးခန်း ဖုန်း - 0795-43-0165
ဟာလိုးဝါ့ကု နီရှိဝါ့ကီ ဖုန်း - 0795-22-3181

**အလုပ်လုပ်ခြင်းဆိုင်ရာ ဆွေးနွေးတိုင်ပင်မှု**

ဟယောဂိုခရိုင်တွင် နိုင်ငံခြားသားအလုပ်သမားများအတွက် ဌာနအသီးသီးတွင် လုပ်ငန်းခွင်အခြေအနေဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုများကို လက်ခံဆောင်ရွက်ပေးနေပါသည်။

နိုင်ငံခြားဘာသာစကားဖြင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့်ပတ်သက်၍ အောက်ပါဇယားကို ကြည့်ရှုပါ။

| အမည် | လိပ်စာ | ဖုန်းနံပါတ် | လုပ်ဆောင်ပေးသည့် ဘာသာစကား/အကြောင်းအရာ/အချိန် |
|---|---|---|---|
| ဟယောဂို အလုပ်သမားဌာန ကြီးကြပ်ရေးဌာနခွဲ နိုင်ငံခြားသား အလုပ်သမားဆိုင်ရာ ဆွေးနွေးတိုင်ပင်ရေး ကော်နာ | 〒650-0044 Kobe-Shi Chuo-Ku Higashikawasaki-Cho 1-1-3 Kobe Crystal Tower 16F | 0570-001702 | တရုတ်ဘာသာဖြင့်လုပ်ငန်းခွင်အခြေအနေဆိုင်ရာ ဆွေးနွေးတိုင်ပင်မှု<br>◆နေ့ရက် - (မူအားဖြင့်) အင်္ဂါ၊ ဗုဒ္ဓဟူး<br>◆အချိန် - 10:00 -15:00<br>ကောင်တာတွင် ဆွေးနွေးရန်ဆန္ဒရှိသူအနေဖြင့် ကြိုတင်ဆက်သွယ်ပါ။ |
| ကိုဘေး လူထုအလုပ်အကိုင် တည်ငြိမ်ရေးရုံး နိုင်ငံခြားသား ခန့်ထားရေး ဝန်ဆောင်မှုကော်နာ | 〒650-0025 Kobe-Shi Chuo-Ku Aioi-Cho 1-3-1 | 078-362-4570 | တရုတ်၊ အင်္ဂလိပ်၊ ပေါ်တူဂီ၊ စပိန်၊ ဗီယက်နမ် ဘာသာဖြင့်အလုပ်ရှာဖွေရေး ဆွေးနွေးတိုင်ပင်မှု |
| ဟီမဲဂျိ လူထုအလုပ်အကိုင် တည်ငြိမ်ရေးရုံး နိုင်ငံခြားသား ခန့်ထားရေး ဝန်ဆောင်မှုကော်နာ | 〒650-0947 Himeji-Shi Hojo Aza Nakamichi 250 | 078-222-8609 | တရုတ်၊ အင်္ဂလိပ်၊ ပေါ်တူဂီ၊ စပိန်၊ ဗီယက်နမ် ဘာသာဖြင့်အလုပ်ရှာဖွေရေး ဆွေးနွေးတိုင်ပင်မှု |
| ဟယောဂို နိုင်ငံတကာ ကူးလူး ဆက်ဆံရေးအသင်း၊ နိုင်ငံခြား သားနေထိုင်သူ သတင်းစင်တာ | 〒650-0044 Kobe-Shi Chuo-Ku Higashikawasaki-Cho 1-1-3 Kobe Crystal Tower 6F | 078-382-2052 | အင်္ဂလိပ်၊ တရုတ်၊ စပိန်၊ ပေါ်တူဂီ ဘာသာများဖြင့် လူနေမှုအလုံးစုံ၊ လုပ်ငန်းခွင် အခြေအနေ၊ ဥပဒေရေးရာ (ကြိုတင်စာရင်း ပေးရန်လို) ဆွေးနွေးတိုင်ပင်မှု<br>◆နေ့ရက် - တနင်္လာမှ သောကြာ<br>◆အချိန် - 9:00 - 17:00 |